ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 14 February 2023 ၁၁၀၁၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပြီးစီး


**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက် လေးရပ်ဖြင့် တည်ထားကိုးကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ပင့်ဆောင်ပူဇော်နိုင်ခဲ့**

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁၊ ၂၊ ၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော် အစိတ်အပိုင်းကြီး စုစုပေါင်းအလေးချိန်မှာ တန် ၁၇၀၀ ရှိပြီး ဇန်နဝါရီ ၂၆ ရက် မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂**



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပြီးစီးမှုကို တွေ့ရစဉ်။

## ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

## ယနေ့ ဖတ်စရာ

(၁/၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းအပါအဝင် လုပ်ငန်းသစ်ရှစ်ခုကိုခွင့်ပြု
စာမျက်နှာ » ၃

ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရန် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ
ဆောင်းပါး စာမျက်နှာ » ၆

# ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံမှုမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသို့ဦးတည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်အပေါ်တွင် အခြေခံ၍ ဆက်ဆံလျက်ရှိသည်။ အဆိုပါမူဝါဒကို အစဉ်အဆက် ဆက်လက်ကျင့်သုံးလျက်ရှိသည်။ မြန်မာနိုင်ငံသည် ရှေးကာလများကတည်းက နိုင်ငံများနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံနေထိုင်လျက်ရှိရာ နိုင်ငံများ၏မူဝါဒများ မည်သို့ပင်ရှိသည်ဖြစ်စေ မိတ်ဝတ်မပျက်ဆက်ဆံနေထိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကိုကြည့်လျှင် နိုင်ငံတကာဆက်ဆံရေးမူဝါဒကို အထင်အရှားတွေ့နိုင်ပေသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ခင်ရင်းနှီးစွာ ထိတွေ့ဆက်ဆံလျက်ရှိသလို မူဝါဒမတူညီသော နိုင်ငံများ၊ အလွန်ဝေးလံသော နိုင်ငံများနှင့်လည်း ကူးလူးဆက်နွှယ်လျက်ရှိသည်။ ထိုသို့ဆက်ဆံရာတွင် တစ်နိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိသလို မိမိနိုင်ငံ၏ ပြည်တွင်းရေးတွင်လည်း ဝင်ရောက်စွက်ဖက်ခြင်းကို လက်မခံပေ။ မူဝါဒနှင့် ခံယူချက်များ မတူကွဲပြားသော်လည်း မိတ်ကောင်းဆွေကောင်းနိုင်ငံများနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအပေါ် နိုင်ငံအချို့၏ ဖိအားပေးမှုများ၊ စွက်ဖက်မှုများရှိနေသည့်ကြားတွင် မြန်မာနိုင်ငံအပေါ် စေတနာအရင်းခံဖြင့် ပေါင်းသင်းဆက်ဆံလျက်ရှိသည့် မိတ်ဆွေနိုင်ငံများရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိနိုင်ငံများနှင့် မိတ်ဝတ်မပျက်ဆက်ဆံလျက်ရှိရာတွင် အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိတ်ကောင်းဆွေကောင်းအဖြစ် ဆက်ဆံနိုင်သည်မှာ မင်္ဂလာတစ်ပါးဖြစ်သည်။ နှစ်နိုင်ငံအတွက် ကောင်းကျိုးများစွာဖြစ်စေသည်။ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးဦးကာလများကတည်းက မိတ်ဝတ်မပျက် ကောင်းမွန်စွာ ဆက်ဆံခဲ့ကြသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံများနှင့်သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ရာ၌ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ(ယခင်ဆိုဗီယက်ပြည်ထောင်စု)နှင့် သံတမန်ဆက်သွယ်မှု စတင်ထူထောင်နိုင်ခဲ့သည်။ ယခုအခါ ရုရှား-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုသည် (၇၅)နှစ်မြောက် စိန်ရတုကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်နိုင်မှု (၇၅)နှစ်တာကာလအတွင်း အပြန်အလှန်ချစ်ကြည်ရင်းနှီး ပေါင်းသင်းဆက်ဆံမှုများနှင့် နှစ်နိုင်ငံလက်တွဲပူးပေါင်းဆောင်ရွက်မှုများအား မှတ်တမ်းရေးထိုး မော်ကွန်းတင်နိုင်ခဲ့ပေသည်။ သံတမန်ဆက်ဆံမှု (၇၅)နှစ်တာကာလအတွင်း နှစ်နိုင်ငံအစိုးရအကြား၊ တပ်မတော်နှစ်ရပ်အကြား၊ နှစ်နိုင်ငံပြည်သူများအကြား မိတ်ကောင်းဆွေကောင်းပီသစွာဖြင့် ဆက်ဆံရေးကောင်းများ တည်ဆောက်နိုင်ခဲ့သည်။ စစ်ဘက်ဆက်ဆံရေး၊ အရပ်ဘက်ဆက်ဆံရေးနှင့် နိုင်ငံဖွံ့ဖြိုးရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၌ မြှင့်တင်ဆောင်ရွက်နိုင်မှုများမှာ အားတက်စရာဖြစ်သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုကျော်မှစတင်၍ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ခိုင်မာလာရာမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ရုရှား-မြန်မာဆက်ဆံရေးသမိုင်းမျက်နှာစာတွင် မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်မှုသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးအရှိန်အဟုန်ကို ပိုမိုမြင့်မားအားကောင်းလာစေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် နိုင်ငံတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့် ရင်းနှီးခင်မင်စွာ ထိတွေ့ဆက်ဆံဆွေးနွေးနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သည့် စီးပွားရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာရလဒ်များပေါ်ထွက်လာအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးတွင် အောင်မြင်မှုသမိုင်းမှတ်တမ်းဖြစ်လာခဲ့သည်။

ရုရှား-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်ကာလတွင် ရုရှား-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံမှု ရှိရင်းစွဲတိုးတက်ဖြစ်ထွန်းမှုများတွင် အမြင့်မားဆုံးမှတ်တိုင်အဖြစ် စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအပေါ်တွင် မိတ်ကောင်းဆွေကောင်းလက္ခဏာကောင်းများဖြင့် စိတ်ကောင်းစေတနာကောင်းထားကာ ခင်မင်ရင်းနှီးစွာ ဆက်ဆံပူးပေါင်းဆောင်ရွက်နိုင်မှုများသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ကောင်းမွန်တိုးတက်သော ဖွံ့ဖြိုးမှုအပေါင်းကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း။ ။




## ခနေဖြူမြို့နယ်၌ ရေသန့်စင်စနစ်လုပ်ငန်းဖွင့်ပွဲ ကျင်းပ

**ခနေဖြူ ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနေဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာအုပ်စု မြင်းစုကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ရေသန့်စင်စနစ်လုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၃ နာရီက ကျင်းပသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် မြစ်ရေကို Solar Pump အသုံးပြု၍ Life Straw Max ဖြင့် ရေသန့်စင်စနစ်ဆောင်ရွက်သည့် လုပ်ငန်းများ၊ ရေစက်ရုံနှင့် ရေသန့်သိုလှောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၂၆ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ကျေးရွာရှိ အိမ်ထောင်စု ၁၃၈ စု၊ လူဦးရေ ၆၂၉ ဦးတို့သည် ဧရာဝတီမြစ်ရေမှတစ်ဆင့် ကျန်းမာသန့်ရှင်းသောသောက်သုံးရေကို သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃ – ၂ –၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၁,၀၄၄ | ၈,၈၇၄,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၃,၆၅၂ | ၁၁,၇၁၉,၀၅၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၃ | ၂၂,၈၀၀ |
| FPB | ၁,၉၀၀ | ၁,၈၀၀ | ၆၇၀ | ၁,၂၅၂,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၅၀၀ | ၁၁၉ | ၃၀၁,၄၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၄,၉၀၀ | ၁၉၈ | ၉၇၀,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၄၂.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၇.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၉၆၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၈၁.၃၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၈၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၅၃.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၅.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၂.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၄.၅၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းကို Cash-based Society မှ Cashless Society အဖြစ်သို့ ရောက်ရှိနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုစနစ် အသုံးပြုဆောင်ရွက်နိုင်ရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်





နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာ့စီးပွားရေး ဘဏ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ချုပ်စာရင်းပိတ် ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိမြန်မာ့စီးပွားရေးဘဏ် မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ မြန်မာ့စီးပွားရေးဘဏ်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မန်နေဂျာများနှင့် ခရိုင်ဘဏ်ခွဲမန်နေဂျာများ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် နိုင်ငံပိုင်ဘဏ်ကြီးတစ်ခုဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ပကတိအခြေအနေများအပေါ် အခြေခံ၍ မှန်မှန်ကန်ကန်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် အလေးအနက်ထား ညှိနှိုင်းဆွေးနွေးကြရန် ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး မြန်မာ့စီးပွားရေး ဘဏ်က အကောင်အထည်ဖော်ရန် ချမှတ်ထားသည့် ဦးတည်ချက် (၆) ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်ရေးအတွက် ဘဏ်ဝန်ထမ်းများအားလုံးက လက်တွဲညီညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ကြံ့ကြံ့ခံရပ်တည်ရင်ဆိုင်ရင်း ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ဘဏ်ဝန်ထမ်းများ၏ ဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း၊ လက်ရှိအခြေအနေတွင် အချို့ဒေသများ၌ ပြည်သူများ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူ အဆင်ပြေစေရေးအတွက် ဘဏ်ဝန်ထမ်းများက အခက်အခဲများကြားမှ ဆောင်ရွက်ပေးနေရသဖြင့် တာဝန်ရှိသူများအနေဖြင့် ဘဏ်ဝန်ထမ်းများနှင့် အမြဲထိတွေ့၍ ကြီးကြပ်ဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့် အတူယှဉ်တွဲဆောင်ရွက်နေရသည့် ကာလဖြစ်၍ ကျန်းမာရေးကို အထူးဂရုစိုက်ပြီး ဆောင်ရွက်ကြစေလိုကြောင်း၊ အရာရာတွင် သတိနှင့်ယှဉ်လျက် လူလုံခြုံရေး၊ ပစ္စည်းလုံခြုံရေးနှင့် သတင်းလုံခြုံရေးတို့ကို အမြဲဂရုစိုက် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရန်ပုံငွေများ ထုထောင်၍ စီးပွားရေးလုပ်ငန်းရှင်များသို့ အတိုးနှုန်းသက်သာသောချေးငွေများကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) စသည့် ကဏ္ဍစုံသို့ ချေးငွေများ ပံ့ပိုးထုတ်ချေးလျက်ရှိပြီး ချေးငွေများကို မူလရည်မှန်းချက်များ မပျောက်ပျက်စေဘဲ အကျိုးရှိရှိ ထိရောက်စွာဖြင့် စနစ်တကျသုံးစွဲနိုင်ရေးအတွက် ကြပ်မတ် ဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ ထုတ်ချေးထားသောချေးငွေများကို သတ်မှတ်ပေးထားသည့်ကာလအတွင်း ချေးငွေစည်းကမ်းချက်များနှင့် အညီ ပြန်လည်ပေးဆပ်နိုင်ရေးကိုလည်း အမြဲမပြတ် တွန်းအားပေးဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

Non-performing loan (NPL) များ ကျဆင်းရေးနှင့် Quality loan များဖြစ်လာစေရေးတို့ကို ရည်မှန်းချက်ထား၍ ယင်းလုပ်ငန်းများ အောင်မြင်စေရန် ဘဏ်ဝန်ထမ်းများအားလုံးက အသိစိတ်ဓာတ်ရှိရှိဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နည်းပညာပြောင်းလဲတိုးတက်လာမှုများနှင့်အတူ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကိုလည်း Cash-based Society မှ Cashless Society အဖြစ်သို့ရောက်ရှိနိုင်ရေးအတွက် တဖြည်းဖြည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုစနစ် (Core Banking) အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်နှင့် ဘဏ်ဝန်ထမ်းများအားလုံးက တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း၊ ထို့ပြင် ဘဏ်လုပ်ငန်းစနစ် ခေတ်မီဖွံ့ဖြိုး တိုးတက်လာရေးအတွက် ဦးဆောင် ကြိုးပမ်းနေသည့် ဘဏ်ဝန်ထမ်းများ အနေဖြင့်လည်း တိုးတက်ခေတ်မီသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် လေ့လာပြီး လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာရေးကို မျက်ခြည်ပြတ်မခံဘဲ လေ့လာဆည်းပူး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းပိတ် ညှိနှိုင်းဆွေးနွေးပွဲကို နှစ်စဉ်ပြုလုပ်လျက်ရှိရာ ယခုနှစ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကဏ္ဍအလိုက် ဆွေးနွေးမှုများအပြင် စာတမ်းဖတ်ပွဲများ၊ ကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းပွဲတို့ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၁/ ၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းအပါအဝင် လုပ်ငန်းသစ်ရှစ်ခုကိုခွင့်ပြု



နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၈) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရှစ်ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ရှစ်ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၆၃၄ သန်းနှင့် ငွေကျပ် ၉၈၀၇၈ ဒသမ ၀၉၄ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၃၇၄ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သော လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၀ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၃ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများကတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ပထမနေ့တွေ့ဆုံ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့်အဖွဲ့အားရင်းရင်းနှီးနှီး လက်ခံတွေ့ဆုံသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အစီအစဉ်၊ အကြောင်းအရာများကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နှစ်ဖက်ညှိနှိုင်းရရှိသည့် အစီအစဉ်များအတိုင်း ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ဗညားလယ်၊ နိုင်အောင်မငေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်မှ အခြေခံကျသောပုဒ်မများကို ပြင်ဆင်နိုင်ရေးကိစ္စရပ်များနှင့် နှစ်ဖက်ဆွေးနွေးလိုသည့် အဆိုပြုချက်များအား ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသူများက မိမိတို့၏သဘောထားများ၊ လိုလားချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

မွန်ပြည်သစ်ပါတီ(NMSP)အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)နှင့်အတူ NCA စာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ယနေ့တွင်လည်း NMSP အဖွဲ့က နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်နိုင်ရေးကိစ္စများကို လာရောက်တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ထူးခြားလေးနက်သည့် နေ့ရက်၌ ရင်းနှီးပွင့်လင်းသည့် တွေ့ဆုံမှုတစ်ရပ်ဖြစ်ကြောင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီထံမှ သိရသည်။

**သတင်းစဉ်**

# ဒေသထွက်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး ထုပ်ပိုးမှုစနစ်နှင့် လိုအပ်သည့်သွင်းအားစုများ၊ နည်းပညာများ ကူညီဆောင်ရွက်ပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ကျေးလက်နေ ပြည်သူများ၏ဒေသထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ သွင်းအားစု၊ နည်းပညာပံ့ပိုးမှုများ အပါအဝင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းယနေ့ မွန်းလွဲပိုင်းက ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာနှင့် လယ်ဝေးမြို့နယ် အင်ပင်သာကျေးရွာ၊ ရုံးတောကျေးရွာတို့မှ ဒေသနေပြည်သူများနှင့် တွေ့ဆုံစဉ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။



**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျွန်းဦးကျေးရွာနေ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ အသေးစားကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဒေသခံပြည်သူများ၊ တောင်သူများ၊ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းဦးကျေးရွာ ဘက်စုံသုံးခန်းမ၌ ပျဉ်းမနားမြို့နယ် MSME Agency မှ အဖွဲ့ဝင်များ၊ ပဲကြော်လုပ်ငန်းလုပ်ကိုင်ကြသည့် MSME လုပ်ငန်းရှင်များ၊ ငှက်ပျော၊ ကြံ၊ ပဲ စိုက်ပျိုးရေး တောင်သူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ MSME Agency အဖွဲ့ဝင်များက ပျဉ်းမနားမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များ၏ အဓိကလိုအပ်ချက်မှာ ကောင်းမွန်သော ထုပ်ပိုးမှုစနစ်နှင့် ဈေးကွက်ချိတ်ဆက်ပေးရန်တို့မှာ အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များနှင့် ငှက်ပျော၊ ကြံ၊ ပဲစိုက်တောင်သူများကလည်း နည်းပညာနှင့် သွင်းအားစုလိုအပ်ချက်များ၊ ဈေးကွက်ချိတ်ဆက်မှုလိုအပ်ချက်များရှိပါကြောင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များက အစုအဖွဲ့စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ နည်းပညာနှင့် အရင်းအနှီး လိုအပ်ချက်အစီအစဉ်များ၊ ငှက်ပျော၊ ပဲ၊ ကြံစိုက် တောင်သူများ၏နည်းပညာနှင့်သွင်းအားစု လိုအပ်ချက်များ၊ ဈေးကွက်ချိတ်ဆက်မှု လိုအပ်ချက်များကို အမြန်ဆုံး ပြန်လည်တင်ပြသွားရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာသူကျေးရွာသားများအားလုံး ပူးပေါင်းလုပ်ဆောင်ကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် အင်ပင်သာကျေးရွာသို့ရောက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံပြည်သူများနှင့် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ ကျေးလက်နေတစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းအခြေခံသည့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး ဒေသခံများ၏ စိုက်ပျိုးရေးရရှိရေးနှင့် နည်းပညာလိုအပ်မှုတင်ပြချက်များအပေါ် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ရွာတွင်းလမ်းရိစာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ရုံးတောစံပြကျေးရွာရှိ ရွှေဝါထွန်းသမဝါယမအသင်းသားများနှင့် တွေ့ဆုံကာ အသင်းစုပိုင် မြေဧက ၂ ဒသမ ၇ ဧကပေါ်တွင် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပန်းတနော်မြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပန်းတနော် ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ဇန်နဝါရီလမှစတင်၍ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်မောင်မောင် ဦးဆောင်သော ဝန်ထမ်းများက ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ထရန်စဖော်မာများအား Load balancing ပြုလုပ်ခြင်းနှင့် ဓာတ်အားလိုင်း Connection များ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပြီးစီးမှုကို တွေ့ရစဉ်။

❂ ရှေ့ဖုံးမှ

ဆက်လက်၍ ရတနာပလ္လင်တော်ထက်သို့ ဆက်လက်ပင့်ဆောင်ပူဇော်ရန် ကျန်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပခဲ့ပြီး ပင့်ဆောင်ရေးလုပ်ငန်းစဉ်များအလိုက် ပင့်ဆောင်ခဲ့ရာ ယနေ့ နံနက် ၂ နာရီ ၄၃ မိနစ်တွင် ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံဃာ အပါး ၁၂၀၀ နှင့် လူပရိသတ်များ ဝင်ဆံ့နိုင်သော သာသနာ့ဗိမာန်တော်ကြီး၊ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထုဆစ်ပူဇော်ထားရှိသည့် ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်များ အပြင် အခြားသော သာသနိကအဆောက်အဦများကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိသည်။



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားစဉ်။

မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းများ၊ သာသနိက အဆောက်အဦများ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆောက်ရေးဆိုင်ရာ တာဝန်ရှိသူများက နေ့ညမပြတ် ကြိုးပမ်းတည်ဆောက်လျက်ရှိပြီး ညချမ်းချိန်ခါများတွင်လည်း အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်သည်စက်မှုအသင်းချုပ်နှင့် ထိုင်းနိုင်ငံ ကုန်သည်ကြီးများအသင်းတို့ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) နှင့် ထိုင်းနိုင်ငံ ကုန်သည်ကြီးများအသင်း (TCC) တို့အကြား စီးပွားရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Bunjerd Chonvijarn Building, The Board of Trade of Thailand ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် ထိုင်းနိုင်ငံ The Thai Chamber of Commerce and Board of Trade of Thailand မှ ဥက္ကဋ္ဌ Mr. Sanan Angubolkul ဦးဆောင်၍ တွေ့ဆုံဆွေးနွေးရာတွင် ထိုင်း- မြန်မာ ချစ်ကြည်ရင်းနှီးမှုခိုင်မာရေး၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ရန်နှင့် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးတွင် ဘတ် - ကျပ် ငွေပေးချေမှုစနစ် ကောင်းမွန်စွာ စီးဆင်းနိုင်ရေးတို့အတွက်လည်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကုန်သည်စက်မှုအသင်းချုပ်နှင့် ထိုင်းနိုင်ငံ ကုန်သည်ကြီးများအသင်းတို့ ဆယ်စုနှစ်တစ်ခုအတွင်း Global MBA Offshore Program ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်မှုတစ်ခုဖြစ်ပြီး ရှေ့ဆက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲကို ကုန်သည်စက်မှုအသင်းချုပ်မှဥက္ကဋ္ဌ ဦးအေးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်၊ ဒေါက်တာဝင်းစည်သူ၊ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဆွေ၊ ဒေါက်တာစုလှဟန်၊ The Thai Chamber of Commerce မှ ဥက္ကဋ္ဌ Mr. Sanan Angubolkul၊ ဒုတိယဥက္ကဋ္ဌ Mr. Phairush Burapachaisri၊ Tak Chamber of Commerce ဥက္ကဋ္ဌ Mr. Prasert Jeungkitrungrote၊ The Thai Business Association of Myanmar မှ Honary Advisor Mr. Nattawin Phongsphetratat၊ UTCC တက္ကသိုလ်မှ Dean , Asst. Prof. Nattapan Buavaraporn တို့တက်ရောက် ဆွေးနွေးခဲ့ကြသည်။



**မျိုးမင်းသူရ**

# ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရန် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

ရတနာ(သုတေသီ)

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန

အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

ကျန်းမာရေးဝန်ကြီးဌာန၏ ပင်မမဏ္ဍိုင်လုပ်ငန်းကြီးတစ်ရပ်ဖြစ်သော ကျန်းမာရေးသုတေသနလုပ်ငန်းများမှ တွေ့ရှိချက်ရလဒ်များကို သုတေသနစာတမ်း၊ ပိုစတာများဖြင့် တင်ပြသည့် “ (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅၊ ဇီဝကလမ်းရှိဆေးသုတေသနဦးစီးဌာန၌ ကျင်းပမည်ဖြစ်သည်။

သုတေသနညီလာခံများ အစဉ်အလာမပျက် ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာအသိပညာများတိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့်ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်စသည့် ရည်ရွယ်ချက်များချမှတ်ကာ ကျင်းပမည်ဖြစ်ပေသည်။

## လူငယ်သုတေသီဆု

(၅၁) ကြိမ်တိုင်ရောက်လာပြီဖြစ်သော ညီလာခံ၏သမိုင်းကြောင်းကို လေ့လာကြည့်ပါက ၁၉၆၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၁၉၉၀ ပြည့်နှစ်အထိ အခြေခံသုတေသနစာတမ်းများသာ တင်သွင်းဖတ်ကြားခဲ့သည်ကို တွေ့ရှိရသည်။ သို့ရာတွင် ၁၉၉၁ ခုနှစ်တွင် သုတေသနပိုစတာများ၊ ၁၉၉၃ ခုနှစ်တွင် လက်တွေ့အသုံးချသုတေသနစာတမ်းများကိုပါ ပြသဖတ်ကြားခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (Symposium) များကို ထည့်သွင်းကျင်းပခဲ့ခြင်းနှင့် (၄၅)**ကြိမ်မြောက် သုတေသနညီလာခံမှစ၍** ညီလာခံ၏ အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ် (Theme) အား သတ်မှတ်၍ ဆောင်ရွက်ခဲ့ခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ သုတေသီပညာရှင်များ၏ သုတေသနအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် သုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးထားအသိအမှတ်ပြုသောအားဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများကို ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုကိုပါ ချီးမြှင့်ခဲ့သည်။

ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် “(၄၉) ကြိမ်မြောက် သုတေသနညီလာခံ”ကို Virtual Congress အသွင်ဖြင့်လည်းကောင်း၊ “အကြိမ် (၅၀) မြောက် ရွှေရတုညီလာခံကို Virtual နှင့် Inperson ပူးတွဲလျက် Hybrid အသွင်ဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ယခုနှစ်တွင် Inperson ကျင်းပမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆေးသုတေသနဦးစီးဌာနက နှစ်စဉ်တာဝန်ယူဆောင်ရွက်ရာတွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ သတ်မှတ်ထားရှိ၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီသည် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ နှီးနွှယ်တက္ကသိုလ်များရှိ သုတေသီပညာရှင်များက စာတမ်းအကျဉ်း (Abstract) နှင့် လျှောက်လွှာ (Application form) များကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ သုတေသနစာတမ်းအပြည့်အစုံကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း ပေးပို့စေခဲ့သည်။

တင်သွင်းလာသော သုတေသနစာတမ်းများကို အခြေခံ သုတေသနစာတမ်း (Basic Research)၊ အသုံးချသုတေသနစာတမ်း (Applied Research)၊ ကျန်းမာရေးစနစ် သုတေသနစာတမ်း (Health Systems Research) များနှင့် ပိုစတာများအားဖြင့် အမျိုးအစားခွဲခြားလက်ခံခဲ့သည်။

## စာတမ်း ၉၂ စောင်

ယခုနှစ်တွင် အခြေခံသုတေသနစာတမ်း ၁၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ရှစ်စောင်၊ ပိုစတာစာတမ်း ၃၄ စောင် စုစုပေါင်းစာတမ်း ၉၂ စောင်ကို စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီက စိစစ်ပြီး ညီလာခံသို့ တင်သွင်း၊ ဖတ်ကြား၊ ပြသရန် လက်ခံထားရှိခဲ့သည်။ တင်သွင်းမည့်စာတမ်းများတွင် Myancopharm ကိုဗစ်ကာကွယ်ဆေး၊ ကိုဗစ်-၁၉ ရောဂါ၊ ကင်ဆာရောဂါ၊ တီဘီရောဂါ၊ အသည်းရောဂါ၊ နှလုံးသွေးကြောရောဂါ၊ တိုင်းရင်းဆေး၊ သွားဘက်ဆိုင်ရာ၊ အားကစားဆိုင်ရာ၊ မြွေဆိပ်၊ သွေးလွန်တုပ်ကွေး၊ ဆေးပညာသင်ကြားရေးနှင့် အကဲဖြတ်နည်းဆိုင်ရာ သုတေသနများစသည်တို့ ပါဝင်သည်။

သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားခြင်းကို တစ်ဦးလျှင် ၁၅ မိနစ်ကြာ တင်ပြရမည်ဖြစ်ပြီး ဆွေးနွေးမေးမြန်းချိန်နှင့် စာတမ်းရှင်က ပြန်လည်ဖြေကြားပေးရန် ငါးမိနစ်ခွင့်ပြုပေးထားသည်။ ထို့အပြင် ညီလာခံကျင်းပရာရက်များအတွင်း နိုင်ငံတကာနှင့် ပြည်တွင်းမှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးတင်ပြကြမည့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ လေးခုကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာကြီးတွင် ယနေ့ဖြစ်ပွားနေဆဲဖြစ်သော ကပ်ရောဂါ ကိုဗစ်-၁၉ အပါအဝင် ကူးစက်ရောဂါများ၌ တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများသည်လည်း လူသားတို့ကို ခြိမ်းခြောက်နေသည့်အားလျော်စွာ အဓိကဦးတည်ချက်ခေါင်းစဉ်အဖြစ် “The Fight Against Zoonotic Diseases: A one Health Approach” – “တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများကို တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့” ဟု သတ်မှတ်ထားသည်။ ထို့ပြင် ယင်းခေါင်းစဉ်ဖြင့်ပင် ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ University of California Davis နှင့် Colorado State University တို့မှ ပညာရှင်များဖြင့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကိုလည်း ညီလာခံနောက်ဆုံးနေ့တွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

**တီဘီရောဂါနှင့် အသည်းရောင်အသားဝါဘီရောဂါ**

မြန်မာနိုင်ငံအတွက် အရေးပါသောကျန်းမာရေး ပြဿနာများဖြစ်သည့် တီဘီရောဂါနှင့် အသည်းရောင်အသားဝါဘီရောဂါများ၏ မျိုးဗီဇပြောင်းလဲမှုဆိုင်ရာ သိကောင်းစရာများကို “Myanmar–Korea Joint Symposium (2023): Clinical Significance of Molecular Techniques: A Focus on TB and Hepatitis B”–“မော်လီကျူးနည်းပညာ၏ လက်တွေ့ဆေးပညာရပ်တွင် အရေးပါမှုကို တီဘီရောဂါနှင့် အသည်းရောင်အသားဝါဘီတို့တွင် အဓိကထားဆွေးနွေးခြင်း နှီးနှောဖလှယ်ပွဲ”ကို ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံမှ ပညာရှင်များဖြင့်လည်းကောင်း၊ ဂျပန်နိုင်ငံမှ ပညာရှင်များနှင့် ပြည်တွင်းသုတေသီပညာရှင်များဖြင့် “Health Hazard Environmental Arsenic Poisoning”– “ပတ်ဝန်းကျင်ရှိ အာဆင်းနစ် အဆိပ်သင့်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များ” ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကိုလည်းကောင်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် အရည်အသွေးပြည့်ဝ၍ တောင့်တင်းခိုင်မာသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ တိုးတက်စေရန်ရည်ရွယ်၍ “Myanmar Health Workforce for the SDG and 2030 UHC Targets: Situational Analysis, Strategies and Commitments” – “ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့် လူတိုင်းလက်လှမ်းမီအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေး ၂၀၃၀ ရည်မှန်းချက်အတွက် အခြေခံကျသည့် မြန်မာနိုင်ငံကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ လက်ရှိအခြေအနေများအား သုံးသပ်ခြင်း၊ မဟာဗျူဟာများချမှတ်ခြင်းနှင့် ကတိကဝတ်များ ထားရှိခြင်း” နှီးနှောဖလှယ်ပွဲကိုလည်း ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် တင်သွင်းလာသည့်စာတမ်းများမှ အခြေခံသုတေသန (Basic Research) စာတမ်းဆုများ၊ လက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းဆုများ၊ ကျန်းမာရေးစနစ်သုတေသန (Health Systems Research) စာတမ်းဆုများနှင့် ပိုစတာစာတမ်းဆုများကိုလည်းကောင်း၊ လူငယ်သုတေသီဆုများအတွက် အခြေခံသုတေသနစာတမ်းတစ်စောင်၊ လက်တွေ့အသုံးချသုတေသနစာတမ်းတစ်စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်းတစ်စောင် စုစုပေါင်းသုံးစောင်ကို လည်းကောင်း စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်သွားရန် စီစဉ်ထားသည်။ စာတမ်းတင်သွင်းကြသည့် သုတေသနပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုအလေးထားသည့်အနေဖြင့် ဆုရရှိသူသုတေသီများအား ထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

## မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ်

သုတေသနစာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal) သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်လျက် ဂျာနယ်၏ အီးမေးလ် *(https://www.mhsrj-moh.dmr.gov.mm)*သို့ စာတမ်းများပေးပို့နိုင်သည်။ ပေးပို့သောစာမူများကို ပညာရပ်အလိုက် ပြည်တွင်းပြည်ပမှပညာရှင်များက စနစ်တကျအကဲဖြတ်စိစစ်ပြီးနောက် ပုံနှိပ်ထုတ်ဝေခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။ ဤသုတေသနဂျာနယ်ကို ရည်ညွှန်းကိုးကားဖော်ပြခြင်း (Citation) ပြုလုပ်ခြင်းသည် ဂျာနယ်ကို ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူတစ်ရပ်ဖြစ်စေသဖြင့် သုတေသီများက မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ်သို့ တင်သွင်းပုံနှိပ်ဖော်ပြပေးစေရေးအတွက် တိုက်တွန်းအပ်ပါသည်။

ဤသုတေသနညီလာခံကြီးသို့ စာတမ်းတင်သွင်းကြမည့် သုတေသီပညာရှင်များသာမက တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဆရာဝန်များ၊ ဆေးတက္ကသိုလ်များနှင့် နှီးနွှယ်တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသားများ၊ ကျန်းမာရေးဝန်ထမ်းများသာမက သုတေသနစိတ်ပါဝင်စားသူများသည် ကြိုတင်စာရင်းသွင်းခြင်းကိုဆောင်ရွက်ပြီး ညီလာခံတက်ရောက်နိုင်ပါသည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးတွင် သုတေသီများ၏ တင်ပြဆွေးနွေးကြမည့် သုတေသနဖော်ထုတ်ချက်ရလဒ်များကို ပြည်တွင်း ပြည်ပပညာရှင်များက ပညာရပ်ဆိုင်ရာမျှဝေ၊ ဆွေးနွေး၊ လမ်းညွှန်မှုများကို ဆောင်ရွက်ကြမည်ဖြစ်ပေသည်။ ယင်းတို့ကို အခြေပြုလျက် လက်တွေ့အသုံးချနိုင်သည်အထိ ဆောင်ရွက်သွားကြမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးကဏ္ဍအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

> **“ ၂၀၀၂ ခုနှစ်တွင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (Symposium) များကို ထည့်သွင်းကျင်းပခဲ့ခြင်းနှင့် (၄၅) ကြိမ်မြောက် သုတေသနညီလာခံမှစ၍ ညီလာခံ၏ အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ် (Theme) အား သတ်မှတ်၍ ဆောင်ရွက်ခဲ့ခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ သုတေသီပညာရှင်များ၏ သုတေသနအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် သုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးထားအသိအမှတ်ပြုသောအားဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများကို ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုကိုပါ ချီးမြှင့်ခဲ့ ”**

# စစ်တွေမြို့ ရေချမ်းပြင်ကျေးရွာအနီး သဘာဝရေပြင်အတွင်းသို့ ရေငန်ပုစွန် သားပေါက်ကောင်ရေ ငါးသိန်း မျိုးစိုက်ထည့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခုနှစ် ငါး/ ပုစွန် မျိုးစိုက်ရာသီအတွက် သဘာဝရေပြင်အတွင်းသို့ ရေငန်ပုစွန်သားပေါက် မျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ရေချမ်းပြင်ကျေးရွာအနီးရှိသဘာဝရေပြင် ကြို့တဲချောင်းကမ်းနံဘေး၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရေငန်ပုစွန်သားပေါက် မျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သဘာဝရေပြင်အတွင်းသို့ မျိုးစိုက်ထည့်မည့် ရေငန်ပုစွန်သားပေါက်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရေငန်ပုစွန် သားပေါက်ကောင်ရေ ငါးသိန်းကို ကြို့တဲချောင်း သဘာဝရေပြင်အတွင်းသို့ မျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရေချမ်းပြင်ကျေးရွာအနီးရှိ ရေငန်ပုစွန်မွေးမြူရေး ဗဟိုသရုပ်ပြစခန်းသို့ သွားရောက်၍ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်များနှင့်အညီ သရုပ်ပြမွေးမြူရေးကန်အပါအဝင် မွေးမြူရေးကန်များ တိုးချဲ့ဆောင်ရွက်နေမှု၊ မွေးမြူရေးကန်များနှင့် ဆက်စပ်သည့် အခြားဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်မည့် တည်ဆောက်ရေးလုပ်ငန်းခွင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အင်္ဂလိပ်စာအခြေခံသင်တန်း(၁/၂၀၂၃) ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာခြင်းသည် ကော်မရှင်ရုံး၏ စွမ်းဆောင်ရည်တိုးတက်လာခြင်းဖြစ်သည့်အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် အင်္ဂလိပ်စာအခြေခံသင်တန်းမှ ရရှိလာသောအခြေခံအချက်များမှတစ်ဆင့် စဉ်ဆက်မပြတ်လေ့လာခြင်းဖြင့် ပင်ကိုစွမ်းဆောင်ရည်များကို မြှင့်တင်ကြရမည်ဖြစ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က ပြောကြားသည်။



**ပြောကြားခဲ့**

ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက နောင်တွင် အခြေခံမှသည် အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် အများဆုံးအသုံးပြုနေသည့် ဘာသာစကားကို ဝန်ထမ်းများအနေဖြင့် စဉ်ဆက်မပြတ် လေ့လာသင့်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဘာသာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှု အားကောင်းမှသာလျှင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အောင်မြင်ပြီးမြောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တက်ရောက်**

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၃ ရက်မှ ဧပြီ ၇ ရက်အထိဖြစ်ကြောင်း၊ အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများနှင့် ဆုပေးပွဲများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမတို့၌ ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် ပြိုင်ပွဲဝင် မူကြိုကလေးများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မူကြိုကလေးငယ်များ၏ အဆို၊ အက၊ တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေမှုများနှင့် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကိုကြည့်ရှုအားပေးကြသည်။ ထို့နောက် ဒိုင်အဖွဲ့ဝင်များနှင့် ဆုရရှိကြသည့် မူကြိုကလေးငယ်များအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး မူကြိုကလေးများကို အာဟာရ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို "တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများကို တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့ –The Fight Against Zoonotic Diseases: A one Health Approach" ဆောင်ပုဒ်နှင့် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် အခြေခံသုတေသနစာတမ်း ၁၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ရှစ်စောင်၊ သုတေသနပိုစတာစာတမ်း ၃၄ စောင် တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားရှိသည်။

ပြည်တွင်းမှ မြန်မာသုတေသီများသာမက အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများမှ ပညာရှင်များပူးပေါင်း၍ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အတွင်း ဆေးသုတေသနဦးစီးဌာန အမှတ်(၅) ဗိုဝကလမ်း ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများ မရှိစေရန်နှင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျှော့ချနိုင်စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်နှင့် စက်မှုဇုန်များတွင် အရှေ့ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးကျော် ဦးဆောင်၍ ခရိုင်၊ မြို့နယ်တို့မှ လျှပ်စစ်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်သည်။

ထို့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ထရန်စဖော်မာနှင့် တွဲဖက်အသုံးပြုလျက်ရှိသော စီတီမီတာများ၊ ဝန်အားမျှခြင်းလုပ်ငန်းများနှင့် ရပ်ကွက်၊ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူ နေအိမ်အဆောက်အအုံများ၌ တပ်ဆင်အသုံးပြုလျက်ရှိသော ပါဝါမီတာများ ရပ်၊ ပျက်၊ နှေး ဖြစ်ပေါ်မှု ရှိ/မရှိ စစ်ဆေးခဲ့ကြောင်းနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဓာတ်အားလိုင်းနှင့် နီးကပ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို စနစ်တကျ မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပညာမြင့်မှ လူမျိုးတင့်မည်**

## မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်း ဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ကျောက်ပန်းတောင်းမြို့နယ် မြိုင်သာယာကျေးရွာရှိ ပြည်လုံးချမ်းသာ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၉၁၁ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



**ဆေးဝါးကုသမှုများဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၀၊ ခွဲစိတ်ရောဂါ ၅၆ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၇ ဦး၊ အရိုးရောဂါ ၂၂၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၀၊ မျက်စိရောဂါ ၁၀၈ ဦး၊ သွားရောဂါ ၉၀နှင့် အခြားရောဂါ ၉၉ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ငါးဦးနှင့် မျက်စိခွဲစိတ်လူနာ ငါးဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက်လူနာ ၆၀၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၆ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ ၃၆ ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းအပြင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို စားရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မောက်မယ်မြို့နယ် နားလော့ကျေးရွာ ကွန်ကရစ်လမ်းဖွင့်လှစ်

**မောက်မယ် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောက်မယ်မြို့နယ် နားလော့ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော ရွာတွင်း ကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ကွန်ကရစ်လမ်းပေါ်ရှိ မုခ်ဦးတည်နေရာ၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ လင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ဦးစီးဌာန၏ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ လင်းခေးခရိုင် စစ်ဗျူဟာအခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသန့်ထင်စိုးက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းကို လင်းခေးခရိုင် စစ်ဗျူဟာအခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသန့်ထင်စိုး၊ လင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်း၊ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နားလော့ကျေးရွာတွင်း ကွန်ကရစ်လမ်းမှာ အရှည်ပေ ၉၀၀၊ အကျယ်ရှစ်ပေနှင့် အမြင့် ခြောက်လက်မဖြစ်ပြီး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်း နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၅ ဒသမ ကိုးသန်းဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှုကြောင့် အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၃၈၀ အတွက် လမ်းပန်းဆက်သွယ်ရေး ယခင်ထက် ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့၊ ရန်ကုန်-ပဲခူးလမ်းမကြီး၊ အမှတ်(၈၃) တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၈-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန်ကြေညာအပ်ပါသည်။

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD) ၏ အလံပုံစံ**



မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD) ၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ ပုသိမ်၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၃၁ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)** အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

■

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

> **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင် နောင်တော်ကြီးစေတီတော်မြတ်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေး အစည်းအဝေး ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁၃**

တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ယနေ့နံနက် ၁၁ နာရီက တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင် နောင်တော်ကြီးစေတီတော်မြတ်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ ပူဇော်ခြင်းအလှူတော် မင်္ဂလာပြုလုပ်နိုင်ရေး ပဉ္စမအကြိမ်မြောက်အစည်းအဝေး ကျင်းပကြောင်း သိရသည်။

**ရှင်းလင်းဆွေးနွေး**

အစည်းအဝေးတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချိုက အဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်က စတုတ္ထအကြိမ်မြောက် အစည်းအဝေးမှ အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင် နောင်တော်ကြီးစေတီတော်မြတ်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ အလှူတော်မင်္ဂလာပြုလုပ်နိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးကလည်း စတုတ္ထအကြိမ်မြောက် အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို ပြန်လည်တင်ပြကြသည်။ ထို့နောက်တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချိုက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သံတွဲခရိုင်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပ

**သံတွဲ ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ပြည်သူများ စာဖတ်သည့် အလေ့အထကောင်းများရရှိရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိရန်၊ စာပေဖတ်ရှုခြင်းမှရရှိသော အကျိုးကျေးဇူးများအကြောင်း သိရှိစေရန် ရည်ရွယ်၍ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့်စာအုပ်ပြပွဲကို သံတွဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

ရေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပရသည့်ရည်ရွယ်ချက်များနှင့် မိမိတို့ဌာနအနေဖြင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် စာကြည့်တိုက်ဝန်ဆောင်မှုပေးနေသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြပွဲသို့တက်ရောက်လာကြသူများက နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲတွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။



အဆိုပါ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များတွင် ပြည်ထောင်စုနေ့အကြောင်းသိကောင်းစရာများ၊ မြန်မာ-ရုရှားနှစ်နိုင်ငံ ဆက်ဆံရေးမှတ်တမ်းဓာတ်ပုံများနှင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဆင်နွှဲခဲ့မှုမှတ်တမ်းများ၊ ကဗျာနှင့် ဆောင်းပါးများပါဝင်ပြီး သုတရသစာအုပ်ပေါင်း ၂၅၀ ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တက်တောင်ကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**ရွှာင် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒတ္ထိုးရေ ကျေးရွာအုပ်စု တက်တောင်ကျေးရွာ၌ ကျေးရွာကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

**အဖွင့်အမှာစကား ပြောကြား**

ရှေးဦးစွာ ရွှာင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ရွှာင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က တက်တောင် ကျေးရွာအတွင်း ကွန်ကရစ်လမ်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ကျေးရွာတွင်းလမ်းဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအားဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည် ပေ ၁၂၀၀၊ အကျယ် ၁၀ ပေ၊ ဒု ၄ ဒသမ ၅ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၇ သိန်း၊ ကျေးရွာသူ ကျေးရွာသားများ၏ လုပ်အားများ၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ပူးပေါင်း၍ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

# တိုင်းရင်းသားပြခန်း၊ ဆိုင်ခန်းများနှင့် စက်မှုထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော် စတုတ္ထမြောက်နေ့ လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ

သတင်း- နဒီမင်း
ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ကျင်းပသည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနများ၊ တိုင်းရင်းသားပြခန်း၊ ဆိုင်ခန်းများနှင့် စက်မှုထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်ကျင်းပသည့် စတုတ္ထမြောက်နေ့တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။



တိုင်းရင်းသားပြခန်း၊ ဆိုင်ခန်းများနှင့် စက်မှုထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော် စတုတ္ထမြောက်နေ့တွင် လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အနံ့တဝင်းဝင်း စပါးခင်းများနှင့်အတူ အခြား စိုက်ပျိုးသီးနှံပင်များ သရုပ်ဖော်ပြသထားမှုများ၊ ဆန်စက်ပုံစံငယ်များ၊ ပဲမျိုးစုံ၊ဆန်နှင့် စိုက်ပျိုးသီးနှံများ၊ မျိုးစေ့များ၊ မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဒီရေတောပျိုးပင်များနှင့် မျိုးစေ့များ၊ စက်မှုကုန်ကြမ်းသီးနှံများ၊ သစ်တောထွက်ပစ္စည်း ဝါး၊ ကြိမ်၊ လက်မှုထုတ်ကုန်၊ သစ်သားပန်းပု၊ စက်မှုကုန်ကြမ်း စိုက်ခင်းများ၊ဧရာဝတီတိုင်းဒေသကြီး၏ ကမ်းခြေအလှရှုခင်းများ၊ ရေလှောင်တမံ ပုံစံငယ်များ၊ စံပြကျေးရွာ ပုံစံငယ်လေးများ၊ ပုသိမ်စက်မှုစီမံကိန်းတွင် တပ်ဆင်မည့် ဆိုလာပုံစံငယ်၊ မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်များ၊ ငါးတန်မွေးမြူရေးလုပ်ငန်း၊ ငါးသားဖောက်စီမံကိန်း စသဖြင့် စုံလင်စွာပြသထားသည့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုပြခန်းတွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားနေသည်။

ပြခန်းအတွင်း ဧရာဝတီတိုင်းဒေသကြီး လမ်းတံတား ကွန်ရက်များကို ပုံစံငယ်ဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းပြသနေမှုများ၊ အမျိုးသားပညာဝန် ဦးဖိုးကျားနှင့် ဒေါက်တာဘမော် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စာသင်ကျောင်းကို ပုံစံငယ်ပြုလုပ်ပြသထားမှုနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ထင်ပေါ်ကျော်ကြားခဲ့သည့် ဧရာဝတီတိုင်းသား ၁၀ ဦး၏ ဓာတ်ပုံမှတ်တမ်းများအား စိတ်ဝင်တစား ကြည့်ရှုသူ ပိုများသည်ကို တွေ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုပြခန်း၊ အစားအသောက်ပြခန်း၊ MSME ထုတ်ကုန်ပြခန်းများ၏တာဝန်ခံ ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်က "ဒီပြခန်းမှာတော့ ကျွန်တော်တို့ ဧရာဝတီတိုင်းက စိုက်ပျိုးရေးကို အခြေခံတဲ့အတွက် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ စပါးအမျိုးအစားတွေနဲ့ မွေးမြူရေးနဲ့ ပတ်သက်တဲ့ ပန်းတနော်မှာရှိတဲ့ ငါးတန်မွေးမြူရေးလုပ်ငန်းနဲ့ ပတ်သက်လို့ ပုံစံငယ်တို့၊ ဗီနိုင်းတို့နဲ့ ပြသထားပါတယ်။ သစ်တောကဏ္ဍအနေနဲ့ သစ်တောထွက်ပစ္စည်းတွေရယ်၊ ဒီရေတောတွေရယ်၊ ကြီးမြန်သစ်ပင်တွေရဲ့ ပုံစံတွေကိုလည်း ရုပ်လုံးရုပ်ကြွတွေနဲ့ဖော်ပြထားပါတယ်။

အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးမှာ ဆိုလာစီမံကိန်းကို အောင်ကြီးကုမ္ပဏီက ပုသိမ်စက်မှုစီမံကိန်းမှာ ပထမဆုံး အကြိမ် တစ်မဂ္ဂါဝပ် ထွက်ရှိမယ့် လျှပ်စစ်ဓာတ်အားစက်ရုံနဲ့ MoU လက်မှတ်ရေးထိုးပြီးသွားပါပြီ။ အောင်ကြီးကုမ္ပဏီနဲ့ ဧရာဟာသ်ကုမ္ပဏီတို့ MoU လက်မှတ်ထိုးပြီးသွားပြီ။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှာ ထိုးတာပါ။ လုပ်ငန်းပြီးစီးမှာက ၂၀၂၃ ခုနှစ် ဧပြီလမှာ ပြီးစီးပါမယ်။ ဧရာဝတီတိုင်းဒေသကြီးအတွက်ကို ဆိုလာစနစ်နဲ့ လျှပ်စစ်ထုတ်လုပ်ပြီးတော့ စက်ရုံ အလုပ်ရုံတွေမှာ လည်ပတ်နိုင်မှာဖြစ်တဲ့အတွက် အောင်ကြီးကုမ္ပဏီနဲ့ ကျွန်တော်တို့ ချိတ်ဆက်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ဧရာဝတီ တိုင်းဒေသကြီးအတွက် စက်ရုံ အလုပ်ရုံတွေမှာ လျှပ်စစ်မီး အခက်အခဲရှိတဲ့အချိန် ဆိုလာစနစ်နဲ့ စတင်ပြီးတော့ စက်ရုံ အလုပ်ရုံတွေ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် ဆိုလာစနစ်ကို ကျင့်သုံးပြီးတော့ လုပ်ငန်းများကို လည်ပတ်မှာဖြစ်ပါတယ်။ ဆိုလာက ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာ ပထမဆုံး ထုတ်လုပ်တဲ့ ပိုင်းလော့ပရောဂျက်အနေနဲ့ တစ်မဂ္ဂါဝပ်ထွက်ရှိမယ့် လျှပ်စစ်ဓာတ်အားကို စက်မှုမြို့တော် စီမံကိန်းမှာရှိတဲ့ စက်ရုံတွေရဲ့ အမိုးပေါ်မှာ တင်ပြီးတော့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး လုပ်ငန်းတွေကို လည်ပတ်သွားမှာ ဖြစ်ပါတယ်။

ဆိုလာနဲ့ ပတ်သက်လို့ ကျောင်းသားကျောင်းသူတွေ၊ အများပြည်သူတွေလည်း စိတ်ဝင်တစား လာရောက်ကြည့်ရှုကြပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ ပထမဆုံးလုပ်မယ့် လုပ်ငန်းဖြစ်တဲ့အတွက် ဆိုလာနဲ့ ပတ်သက်တာတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေက အသေးစိတ် ရှင်းလင်းပြသကြပါတယ်။ လာရောက်လေ့လာသူတွေကို ပိုမိုလေ့လာလို့ရအောင် ပြသတာ ဖြစ်ပါတယ်"ဟု ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဟံသာဝတီမြို့ဟောင်း၊ ကေတုမတီမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်း စသည့် ရှေးမြို့ဟောင်းများ၊ ပဲခူးအရှေ့ခြမ်း၊ အနောက်ခြမ်း၊ အလယ်ရိုးမ ဆက်စပ်တည်ရှိနေသည့် ပဲခူးတိုင်းဒေသကြီး၏ မြေပုံ၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ကျရောက်ကျက်စားသည့် ငှက်မျိုးစိတ်များ သရုပ်ဖော်ထားမှု၊ ကျေးလက်ဒေသ လူမှုဖွံ့ဖြိုးရေးကဏ္ဍ၊ ဒေသထွက်ကုန်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အထင်ကရနေရာများနှင့် သားငါးနှင့် သစ်တောကဏ္ဍများ၊ စစ်တကောင်း၊ လည်ပြောင်စသည့် တိုင်းရင်းကြက်များ၊ ဒေသထွက်ပျားရည်၊ ကြက်ဥဖောက်စက်၊ ငွေရောင်ငါးကြင်း၊ ငါးခုံးမ၊ ငါးဖန်းမ စသည့် ငါးအမျိုးအစားများကို ငါးကန်ငယ်လေးများဖြင့် ထည့်သွင်းပြသထားသည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုပြခန်းမှာလည်း လာရောက်ကြည့်ရှုသူတို့ဖြင့် စည်ကားလျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု ပြခန်းတွင် ပင်လယ်ကမ်းရိုးတန်းဒေသ ကျွန်းစုအလှအပများ၊ ဓာတ်သတ္တုနမူနာများ၊ ခဲမဖြူ အဖြိုက်နက်၊ ရောရာသတ္တု နမူနာများ၊ ကျောက်ငါး၊ ကင်းဖို၊ ကင်းမ၊ ကျောက်ပုစွန်၊ သဲကဏန်းစသည့် ရေထွက်ကုန်များ၊ ရေလုပ်ငန်း ထုတ်ကုန်တွင် အောင်မြင်ဖြစ်ထွန်းနေသည့် ပုစွန်မွေးမြူရေးလုပ်ငန်း၊ ဒေသထွက်ကုန်များ၊ ထားဝယ်ရိုးရာ အဝတ်အထည်များ၊ ရေငုပ်ကြေးခေါင်း၊ ကမာအလှဆင်ပစ္စည်း၊ အော်ဂဲနစ်အုန်းပျို့ဆီ ထုတ်လုပ်ပုံအဆင့်ဆင့်၊ ဇီဝဖိုးငှက်သိုက်၊ ကစော်ဆီ၊ ပုလဲထုတ်လုပ်ပုံ အဆင့်ဆင့်၊ တန်ဖိုးကြီး ပုလဲရတနာများ ခင်ကျင်းပြသထားရာ စိတ်ဝင်တစား ကြည့်ရှုနေကြသည်ကို တွေ့မြင်ရသည်။

မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုပြခန်းအဝင်ဝရှိ မန္တလေးကျုံးကြီး ပုံစံတူရှေ့တွင် အလှဓာတ်ပုံ ရိုက်ကူးသူများ၊ ပြခန်းအတွင်းရှိ ရွှေချည်ထိုးလုပ်ငန်း၊ ပန်းတမော့ကျောက်ဆစ်လုပ်ငန်း၊ ဦးပိန်တံတား၊ လက်မှုကြေးသွန်းခန်းလုပ်ငန်း၊ ယွန်းထည်လုပ်ငန်း၊ တောင်သမံအင်းသာယာလှပရေး ပြန်လည်တည်ဆောက်မည့် ပုံစံငယ် စသည်တို့တွင်လည်း လာရောက်ကြည့်ရှု လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုပြခန်းတွင်လည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဗိဿနိုး၊ ပျူမြို့ဟောင်း ပုံစံငယ်၊ မကွေးတိုင်းဒေသထွက် ချည်ထည်များ၊ မကွေးတိုင်းဒေသကြီးအတွင်း သွားလာလည်ပတ်စရာ ခရီးစဉ်များ၊ ထုတ်ကုန်များ၊ ကြေးခေတ်၊ သံခေတ် ကျောက်ဖြစ်ရုပ်ကြွင်း၊ အဆင်တန်ဆာများ၊ တူးဖော်ရရှိသည့် ရှေးခေတ် အိုးခွက်ပန်းကန်များ၊ ပေစာထုပ်များ၊ ရန်ကုန်နှင့် နတ်မောက်ရှိ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ပုံစံငယ်၊ နေကြာစိုက်ခင်းများ ပြသထားရာ စိတ်ဝင်တစားကြည့်ရှုလေ့လာနေသူများကို မြင်တွေ့ရသည်။

စာမျက်နှာ ၁၁ သို့ ✪



ရခိုင်ပြည်နယ် ကိုယ်စားပြုပြခန်း၌ လာရောက်ကြည့်ရှုသည့် ကျောင်းသားကျောင်းသူများကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုပြခန်း၌ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

✪ စာမျက်နှာ ၁၀ မှ

စက်မှုဇုန်အသီးသီးမှ ထုတ်ကုန်များ၊ ဒေသအသီးသီးမှ လာရောက်ရောင်းချသည့် ထွက်ကုန်များကို ပစ္စည်းမှန်ကန်စွာ တစ်နေရာတည်းတွင် ဝယ်ယူနိုင်သည့်အတွက် ဈေးပွဲတော်အတွင်းရှိ ဆိုင်ခန်းများနှင့် ဒေသထွက်ကုန် အရောင်းဆိုင်များတွင် ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားနေသည်။

ဟာဘဲလ် အင်တာပရိုက်ကုမ္ပဏီမှ ဦးဇော်ဝင်းက "ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ကနေ လာရောက်ပြသတာဖြစ်ပါတယ်။ ပဲဆီ၊ နှမ်းဆီ၊ စမုန်နက်ဆီ၊ ကမ်းဇော်ဆီ၊ ဒဏ်ကြေလိမ်းဆေးတို့အပြင် မြန်မာပြည်ကနေ ကိုယ်တိုင်ထုတ်ထားတဲ့ မြေပဲကိုသန့်စင်ပြီး အကြည်ခံတဲ့စက်ကိုပါ လာရောက်ပြသထားပါတယ်။ ဒီပြခန်းမှာ အများဆုံးရောင်းရတာက မုန်ညင်းဒဏ်ကျေလိမ်းဆေးပါ၊ ရန်ကုန်မှာ လာပြခွင့်ရတော့ အများကြီးအတွေ့အကြုံကောင်းတွေ ရပါတယ်၊ မိတ်ဆွေလည်း တိုးလာတဲ့အတွက် ဝမ်းသာမိပါတယ်" ဟု ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြခန်းတွင် နိုင်ငံပိုင် သတင်းစာများနှင့် သက်ဆိုင်သော သမိုင်းအချက်အလက် လေ့လာသူများ၊ ရုပ်သံထုတ်လွှင့်မှုအစီအစဉ်တွင် ကိုယ်တိုင်ကိုယ်ကျ သရုပ်ဆောင်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကူးနေသူများ၊ ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် စာအုပ်၊ စာပေများ၊ ပုံနှိပ်စက်ပုံစံငယ်များကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြသူများအပြင် ခင်းကျင်းပြသထားသည့် အကယ်ဒမီရုပ်တုလေးများဖြင့် အလှဓာတ်ပုံရိုက်ကူးနေမှုများကိုလည်း မြင်တွေ့ရသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ စာတည်း ဦးကျော်ဇေယျာမြင့်က "ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနပြခန်းမှာ ဌာနလေးခုက တက်ကြွစွာပါဝင်ပြသထားပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ သဘာဝရှုခင်းဓာတ်ပုံတွေ နောက်ခံထားပြီး အလှဓာတ်ပုံရိုက်ကူးနိုင်အောင် စီစဉ်ပေးထားပြီး သတင်းတင်ဆက်သူ ညီငယ် ညီမငယ်တွေနဲ့အတူ သတင်းကြေညာတဲ့ပုံစံမျိုး အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။ ပြပွဲတိုင်းမှာလည်း ပြည်သူတွေရဲ့ အထူးကြိုက်နှစ်သက်မှုကို ရရှိပါတယ်။ နောက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း အကယ်ဒမီ ရွှေစင်ရုပ်တုနဲ့ ၁၉၅၂ ခုနှစ်က ချီးမြှင့်တဲ့ ရုပ်တုဆုတွေကို ပြသထားကာ ရွှေစင်ရုပ်နဲ့ အမှတ်တရဓာတ်ပုံရိုက်ရတာကို ပြပွဲလာပြည်သူများ အထူးနှစ်ခြိုက်ကြပါတယ်။ ဒါ့အပြင် ဌာနကထုတ်ဝေတဲ့ စာအုပ်စာစောင်တွေကို ခင်းကျင်းပြသထားပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ လူထုအခြေပြုဗဟိုဌာနတွေမှာ



ပြည်သူ့ရင်ပြင်အတွင်း (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းနှင့် ဈေးရောင်းပွဲတော်ကျင်းပရာ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ပြုလုပ်တဲ့ လုပ်ဆောင်ချက်မှတ်တမ်းဓာတ်ပုံတွေကို နံရံကပ်ပြကွက်တွေနဲ့ ဖော်ပြထားပါတယ်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနကလည်း ပြန်တမ်းစာစောင်တွေ၊ မိန့်ခွန်းစာအုပ်တွေ၊ စွယ်စုံကျမ်းနဲ့ ရှားပါးစာအုပ်တွေကို ခင်းကျင်းပြသထားပါတယ်။ ပုံနှိပ်စက် ပုံတူတွေနဲ့အတူ ပုံနှိပ်ထားတဲ့ ကျောင်းသုံးစာအုပ်များကို ယှဉ်တွဲလျက် ပြသထားတာကြောင့်လာရောက်လေ့လာကြတဲ့ ကျောင်းသားလူငယ်တွေအတွက် ဗဟုသုတပိုမိုရရှိစေမှာ ဖြစ်ပါတယ်။ စာဖတ်ဝါသနာပါသူတွေအတွက်လည်း စာပေဗိမာန်ထုတ်စာအုပ်တွေနဲ့ ပြင်ပစာပေတိုက်ထုတ်စာအုပ်တွေကို ရွေ့လျားယာဉ်နဲ့ ရောင်းချပေးလျက်ရှိပါတယ်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှာတော့ နိုင်ငံပိုင်သတင်းစာအဖြစ် ထုတ်ဝေဖြန့်ချိလျက်ရှိတဲ့ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတွေရဲ့ သမိုင်းကြောင်း အထောက်အထားများ၊ နှစ်အလိုက် ထုတ်ဝေခဲ့စဉ် အောင်မြင်ကျော်ကြားခဲ့တဲ့ ကာတွန်းတွေ၊ ဆောင်းပါးတွေ၊ မျက်နှာဖုံးစာမျက်နှာတွေကို ပြသထားပါတယ်။ သတင်းစာဖတ် ပရိသတ်တွေအနေနဲ့ မြန်မာ့အလင်းနဲ့ ကြေးမုံတို့ရဲ့ ထင်ရှားအောင်မြင်ခဲ့တဲ့ သမိုင်းအထောက်အထားတွေကို လေ့လာမှတ်သားနိုင်အောင် ရည်ရွယ်ဖော်ပြခြင်းဖြစ်ပါတယ်။ နောက်ပြီး ကျွန်တော်တို့ဌာနရဲ့ ခြေလှမ်းအသစ်ဖြစ်တဲ့ www.mdn.gov.mm အွန်လိုင်းမီဒီယာကိုလည်း အင်တာနက်လိုင်း ရှိရုံဖြင့် ဖုန်းတို့၊ Tablet တို့နဲ့ ပြည်တွင်းပြည်ပသတင်းများကို လွယ်လင့်တကူ အချိန်နဲ့တစ်ပြေးညီ ဖတ်ရှုနိုင်ဖို့ ရည်ရွယ်ကာ အများပြည်သူတွေကို မိတ်ဆက်ပြသထားပါတယ်" ဟု ပြောသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ကိုယ်စားပြုပြခန်းတွင်လည်း အားကစားကို စိတ်ဝင်စားသော လူငယ်များ ဝင်ရောက်လေ့လာကြည့်ရှုနေကြသည်ကို မြင်တွေ့ရသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးငွေအောင်က " ကျွန်တော်တို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနရဲ့ အဓိကတာဝန်တွေကတော့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အဆင့်မီမီဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိရေးနဲ့ အနာဂတ်နိုင်ငံတော်ရဲ့ တာဝန်တွေကို ပခုံးပြောင်းတာဝန်ယူကြမယ့် လူငယ်လူရွယ်တွေရဲ့ အရည်အချင်းပြည့်ဝရေး၊ အသိပညာဗဟုသုတပြည့်စုံရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိရေး၊ လူငယ်လူရွယ်များကျန်းမာကြံ့ခိုင်ရေးအပါအဝင် လူငယ်လူရွယ်တွေကိုဘက်ပေါင်းစုံမှ အရည်အချင်း မြှင့်တင်ရေးစတဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်လျက်ရှိပါတယ်။

ကျွန်တော်တို့ပြခန်းမှာ ခင်းကျင်းပြသထားတဲ့ဓာတ်ပုံမှတ်တမ်းတွေကတော့ ၂၀၁၂ ခုနှစ်အတွင်း နိုင်ငံတကာအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုတွေ၊ ပြည်တွင်း အားကစားပြိုင်ပွဲတွေဖြစ်တဲ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလားဝန်ကြီးဌာနပေါင်းစုံ (အလွတ်တန်း) အားကစားပြိုင်ပွဲတွေ၊ ပြည်နယ်/တိုင်းဒေသကြီး(အလွတ်တန်း)အားကစားပြိုင်ပွဲတွေ၊ ၂၀၁၃ ခုနှစ်(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲမှတ်တမ်းတွေ၊ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနဲ့ (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများအားကစားပြိုင်ပွဲတွေမှာ အောင်မြင်မှုရရှိခဲ့တဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေရဲ့ ပြိုင်ပွဲယှဉ်ပြိုင်မှုပုံရိပ်တွေနဲ့ ဆုတံဆိပ်ရရှိခဲ့ကြတဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေက ဆုတံဆိပ်ချီးမြှင့်ပေးနေမှု မှတ်တမ်းများ၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအဖြစ် ပြည်သူအများ ပါဝင်ဆင်နွှဲနေကြတဲ့ လူထုစုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲနေတဲ့ပုံရိပ်တွေ အပါအဝင် လူငယ်လူရွယ်တွေ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် အသိပညာပေးဟောပြောဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်နေမှု ပုံရိပ်တွေ၊ အာဆီယံနိုင်ငံတွေမှ လူငယ်အဖွဲ့အစည်းများမှ လူငယ်များနဲ့ မြန်မာနိုင်ငံမှ လူငယ်တွေ ဗီဒီယိုကွန်ဖရင့်ဖြင့် အသိပညာ ဆွေးနွေးဆောင်ရွက်ရေးနဲ့ အခြေအနေတွေ၊ အာဆီယံနိုင်ငံတွေမှ လူငယ်တွေ ကမ္ဘောဒီးယားနိုင်ငံ ဗီရပ်မြို့မှာတွေ့ဆုံပြီး ပထမအကြိမ်လူငယ်အသိပညာဖလှယ်ပွဲတက်ရောက်ခဲ့မှုအခြေအနေတွေအပါအဝင် ပြည့်ပြည့်စုံစုံခင်းကျင်းပြသထားပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာနဌာနကိုယ်စားပြုပြခန်းကို လာရောက်လေ့လာကြတဲ့ ကျောင်းသား ကျောင်းသူတွေအပါအဝင် ပြည်သူတွေကို အားကစားဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းဆောင်ရွက်နေမှုများအပါအဝင် အားကစားသိပ္ပံကျောင်းသို့ တက်ရောက်လိုသူများအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရမဲ့၊ လေ့လာထားရမဲ့ အချက်အလက်တွေနဲ့ သိပ္ပံကျောင်းသို့ တက်ရောက်ခွင့်ရရှိခဲ့ပါက ရရှိမယ့်အခွင့်အရေးနဲ့ နောင်ရရှိလာမယ့် အခွင့်အလမ်းတွေကိုလည်း ပြည့်ပြည့်စုံစုံရှင်းလင်းဖော်ပြထားပါတယ်။ ကျွန်တော်တို့ပြခန်းကို လာရောက်လေ့လာကြည့်ရှုကြတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ အများပြည်သူတွေအနေနဲ့ အားကစားကိုစိတ်ပါဝင်စားပြီး လိုက်ပါဆောင်ရွက်လိုစိတ်များဖြစ်ပေါ်လာစေဖို့အတွက် ရည်ရွယ်ပါတယ်" ဟု ပြောသည်။

ပြည်သူ့ရင်ပြင်အတွင်း ယနေ့ စတုတ္ထမြောက်နေ့အဖြစ်ကျင်းပသည့် ပွဲတော်တွင် အေးချမ်းစွာဖြင့် ပြခန်း၊ ဆိုင်ခန်းများ၊ ဈေးပွဲတော်သို့ လှည့်လည်ကြည့်ရှုကြသူများ၊ အလှဓာတ်ပုံရိုက်ကူးသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်ကိုယ်စားပြုပြခန်းတို့က ပြုလုပ်သည့် ဉာဏ်စမ်းပဟေဠိဖြေဆိုသူများ၊ သီချင်းသီဆိုသူများဖြင့် စည်ကားလျက်ရှိသည်။ ယခုကျင်းပနေသည့် ပွဲတော်အား ဖေဖော်ဝါရီ ၁၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

■

# တောင်ကုတ်တက္ကသိုလ် ပထမအကြိမ် ဘွဲ့နှင်းသဘင် ကျင်းပ



**တောင်ကုတ် ဖေဖော်ဝါရီ ၁၃**

တောင်ကုတ်တက္ကသိုလ် ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်၊ ၃ ရက်၊ ၄ရက်တို့တွင် နံနက်ပိုင်း၊ မွန်းလွဲပိုင်း နှစ်ကြိမ်ခွဲ၍ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နေ့သင်တန်းဘွဲ့ရရှိသူ ၄၅၂ ဦး၊ အဝေးသင် သင်တန်းဘွဲ့ရရှိသူ ၁၃၀၅ ဦး၊ စုစုပေါင်း ၁၇၅၇ ဦးအား ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာရိုးရိုးဘွဲ့၊ သိပ္ပံရိုးရိုးဘွဲ့တို့ကို ပါမောက္ခချုပ် ဒေါက်တာသန်းထွဋ်လွင်က ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသများ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ သဟာယအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘွဲ့ရမောင်မယ်များ၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ရင်းနှီးမြှုပ်နှံမှုကာ အကျိုးဖြစ်ထွန်းစေမည် မန္တလေးစက်မှုဇုန်မှသည်

မိုးယံ

စက်ရုံထဲသို့ ဝင်လိုက်သည်နှင့် ထောပတ်ရနံ့ မွှေးမွှေးက ဆီးကြိုနှုတ်ဆက်လေသည်။ ရှေ့ဆက်လက်လျှောက်လိုက်သော် စက်ကြီးများနှင့် တစ်နာရီလျှင် နှစ်တန်ခန့် ထုတ်လုပ်နေသည့် ဘီစကစ်များက စက်ပေါ်တွင် ထုပ်ပိုးမည့်နေရာသို့ အတန်းလိုက်ရွေ့လျားနေကြသည်။

စက်ရုံ၏အနောက်ဘက်ခြမ်း၌ရှိသော ကုန်သိုလှောင်ရုံထဲတွင် ကုန်ကြမ်းဖြစ်သည့် ဂျုံအိတ်များ၊ သကြားအိတ်များက အစီအရီထပ်ထားသည်။ ကုန်ကြမ်းမှသည် ကုန်ချောရသည်အထိ စက်ကြီးများနှင့်ထုတ်လုပ်နေပြီး မုန့်များထုပ်ပိုးရာတွင် ဝန်ထမ်းများ ဝတ်ဆင်အသုံးပြုရမည့် အင်္ကျီ၊ ဘောင်းဘီ၊ ဦးထုပ်၊ လက်အိတ်များကို ပိုးသတ်သန့်စင်ထားသည့် မှန်အလုံခန်းများတွင် စနစ်တကျ သီးသန့်ထားရှိသည်ကို တွေ့ရသည်။



ဘီစကစ်များသာမက ကွတ်ကီး၊ မုန့်ကြွပ်၊ ပေါင်မုန့်၊ ကိတ်မုန့်နှင့် ဝေဖာမုန့်များကို ထုတ်လုပ်နေပြီး မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိသည့် စက်ရုံတစ်ခုပင်ဖြစ်သည်။

**တစ်ပိုင်တစ်နိုင်အိမ်တွင်းမှုလုပ်ငန်း**

အဆိုပါစက်ရုံသည် ယခင်က မန္တလေးမြို့ စိန်ပန်းရပ်တွင် တစ်ပိုင်တစ်နိုင်အိမ်တွင်းမှုလုပ်ငန်းအဖြစ် အစပြုခဲ့ရာမှ မန္တလေးစက်မှုဇုန်ပေါ်ပေါက်လာသည့်အခါ ၁၉၉၉ ခုနှစ်တွင် စက်မှုဇုန်သို့ ပြောင်းရွှေ့ခဲ့သော စိန်ခြယ်ကုမ္ပဏီ၏စက်ရုံဖြစ်သည်။

မန္တလေးစက်မှုဇုန်ရှိ လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး၊ လျှပ်စစ် စသည့်အခြေခံအဆောက်အအုံများ၊ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ဆိုင်ရာ အချက်အလက်၊ နည်းပညာတို့နှင့် ပေါင်းစပ်လိုက်သည့်အခါ တစ်ပိုင်တစ်နိုင်အစပျိုးလုပ်ကိုင်ခဲ့ရာမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) တစ်ခုဖြစ်လာခဲ့သည်။

မန္တလေးစက်မှုဇုန်သည် ရန်ကုန် - မန္တလေး လမ်းဟောင်း၏ အရှေ့တောင်ဘက် ပြည်ကြီးတံခွန်မြို့နယ်တွင် တည်ရှိပြီး ယောမင်းကြီးလမ်းနှင့် ကနောင်မင်းသားကြီးလမ်းများမှတစ်ဆင့် မန္တလေးမြို့လယ်မှ မိနစ် ၂၀ ခန့်ဖြင့်ရောက်နိုင်သည့် အချက်အချာနေရာတွင် တည်ထောင်ထားခြင်းဖြစ်သည်။

မန္တလေးစက်မှုဇုန်ကို ၁၉၉၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ကာ စက်မှုဇုန်အပိုင်း (၁)၌ မန္တလေးမြို့ရှိ လုပ်ငန်းရှင်ပေါင်း ၇၀၀ ခန့်က လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် စက်မှုဇုန်အပိုင်း (၂)၌ စိန်ခြယ်ကုမ္ပဏီကဲ့သို့ စိန်ပန်းရပ်ကွက်အတွင်းမှပြောင်းရွှေ့လာသည့် လုပ်ငန်းရှင် ၆၇၀ ခန့်က လည်းကောင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်လျက်ရှိပြီး ၂၀၀၃ ခုနှစ်တွင် စက်မှုဇုန်အပိုင်း (၃) ကို ထပ်မံတိုးချဲ့တည်ထောင်ခဲ့ကြောင်း သိရသည်။

စက်မှုဇုန်တစ်ခုကို စက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် လုံလောက်သောမြေနေရာရှိခြင်း၊ ဆိပ်ကမ်း၊ လေယာဉ်ကွင်းကဲ့သို့ နိုင်ငံတကာဝင်ထွက်ပေါက်ရှိခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဆက်သွယ်ရေးလမ်းကြောင်းရှိခြင်းနှင့် ပြည်တွင်းဈေးကွက်များသို့ အလွယ်တကူသွားလာဆက်သွယ်နိုင်သည့် နေရာဖြစ်ခြင်း စသည့်အချက်များပေါ်တွင် မူတည်၍ တည်ထောင်လေ့ရှိကြသည်။

ထို့အတူ စက်မှုကုန်ကြမ်းများ၊ အရင်းအမြစ်များနှင့် အခြေခံထုတ်ကုန်များ ပြည့်စုံလုံလောက်စွာ ရရှိနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားရရှိနိုင်ခြင်း စသည့်အချက်များအပေါ်မူတည်၍ စက်မှုဇုန်တစ်ခုအဖြစ် နေရာရွေးချယ်လေ့ရှိကြောင်း သိရသည်။

မန္တလေးစက်မှုဇုန်သည် ထိုကဲ့သို့အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီး ၂၀၂၂ ခုနှစ် စစ်တမ်းကောက်ယူချက်အရ မန္တလေးစက်မှုဇုန်တွင် အသေးစားစက်မှုလုပ်ငန်း ၂၆၆ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၂၃၉ ခုနှင့် အကြီးစားစက်မှုလုပ်ငန်း ၃၆၀ တို့ ရင်းနှီးမြှုပ်နှံ လုပ်ငန်းဆောင်ရွက်လျက်ရှိကြသည်။

**စက်မှုလုပ်ငန်းအမျိုးအစားပေါင်း ၁၃ မျိုး**

စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ စာအုပ်စာပေနှင့် စာရေးကိရိယာများ၊ ကုန်ကြမ်းပစ္စည်း၊ သတ္တုရေနံထွက်ပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ စက်နှင့် စက်ကိရိယာပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ပစ္စည်း၊ သံနှင့်သံမဏိ၊ လယ်ယာသုံးကုန်နှင့် စက်ပစ္စည်း စသည်ဖြင့် စက်မှုလုပ်ငန်းအမျိုးအစားပေါင်း ၁၃ မျိုးကို မန္တလေးစက်မှုဇုန်က ထုတ်လုပ်လျက်ရှိသည်။

စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီကို အဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းထားပြီး စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံထားကြသည့်လုပ်ငန်းရှင်များအား ကူညီဆောင်ရွက်ပေးရေး၊ နည်းပညာလိုအပ်ချက်များကိုလည်း ညှိနှိုင်းပံ့ပိုးပေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များကို တစ်ဆင့်ပြန်လည်မျှဝေပြီး အစိုးရနှင့် လုပ်ငန်းရှင်အကြား ပေါင်းကူးဆက်သွယ်ပေးလျက်ရှိသည်။

**ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များ**

“အဓိက လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး၊ လျှပ်စစ် စတဲ့ စက်မှုဇုန်ရဲ့ အခြေခံအဆောက်အအုံ

**❖ စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ စာအုပ်စာပေနှင့် စာရေးကိရိယာများ၊ ကုန်ကြမ်းပစ္စည်း၊ သတ္တုရေနံထွက်ပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ စက်နှင့် စက်ကိရိယာပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ပစ္စည်း၊ သံနှင့်သံမဏိ၊ လယ်ယာသုံးကုန်နှင့် စက်ပစ္စည်း စသည်ဖြင့် စက်မှုလုပ်ငန်းအမျိုးအစားပေါင်း ၁၃ မျိုးကို မန္တလေးစက်မှုဇုန်က ထုတ်လုပ်လျက်ရှိ**

**❖ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ရာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် MSME လုပ်ငန်းများသည် အသက်သွေးကြောသဖွယ်ဖြစ်**

တွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လုပ်ငန်းရှင်တစ်ဦး စက်မှုလုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးလို့ သက်တမ်းတိုးချင်သလား၊ အသစ်ပဲလုပ်မလား၊ ဒါတွေကို စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီက တာဝန်ယူဆောင်ရွက်ပေးပါတယ်” ဟု မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးလှိုင်မင်းချိုက ပြောသည်။

စက်မှုဇုန်နှင့်ဆက်စပ်သည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ရေရရှိရေး၊ ရေဆိုးသန့်စင်ရေး၊ မီးဘေးလုံခြုံရေး၊ ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ လေဆိပ်၊ ဆက်သွယ်ရေးကွန်ရက် စသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များနှင့် လုပ်ငန်းများ လွယ်ကူလျင်မြန်ထိရောက်စေရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အစီအစဉ်များ စသည့်အခြေခံလိုအပ်ချက်များကိုလည်း မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နွေကာလတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့်ပတ်သက်၍ စိန်ခြယ်ကုမ္ပဏီမန်နေးဂျင်းဒါရိုက်တာ ဦးအောင်တိုးက “ကျွန်တော်တို့ စက်မှုဇုန်ထဲမှာ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းတွေက အများကြီးပါတယ်။ အခုဆိုရင် လျှပ်စစ်မီးက ပုံမှန်မရဘူး။ ဒါကို လူနေရပ်ကွက်တွေမှာ ပေးတဲ့ပုံစံမျိုးမဟုတ်ဘဲ စက်မှုဇုန်က လုပ်သားတွေ အလုပ်အကိုင်မပျက်အောင်၊ လုပ်ငန်းရှင်တွေလည်း လုပ်ငန်းလည်ပတ်လို့ရအောင် အချိန်အတိုင်းအတာတစ်ခုအနေနဲ့ လျှပ်စစ်မီးရရှိအောင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီက သက်ဆိုင်ရာနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်”ဟု ပြောသည်။

**စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်**

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ရာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် MSME လုပ်ငန်းများသည် အသက်သွေးကြောသဖွယ်ဖြစ်သည်။

ထို့အတူ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် အကြီးစားစက်မှုလုပ်ငန်းများကို ပံ့ပိုးပေးနိုင်သောအထောက်အကူပြုစက်မှုလုပ်ငန်းများအဖြစ် **စာမျက်နှာ ၁၄ သို့** ✤







ထုတ်လုပ်ပုံအဆင့်ဆင့်

# ဆီးရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုအားလုံးကို ချက်ချင်းဖြေလျှော့ပေးရန် အမေရိကန်အား တရုတ်တိုက်တွန်း

**ပေကျင်း ဖေဖော်ဝါရီ ၁၃**

ဆီးရီးယားနိုင်ငံအပေါ် အမေရိကန်နိုင်ငံက ချမှတ်ထားသည့် တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုများ အားလုံးကို ချက်ချင်းဖြေလျှော့ပေးရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးအန္တရာယ်များ ဖန်တီးမှုကို ရပ်တန့်ပေးရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်က ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်တစ်ပတ်က ဆီးရီးယားနိုင်ငံနှင့် တူကီယဲနိုင်ငံတို့၌ အင်အားပြင်းမြေငလျင်များ လှုပ်ခတ်ခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို ခြောက်လကြာဖြေလျှော့ပေးမည်ဟု အမေရိကန်နိုင်ငံက ကြေညာခဲ့ကြောင်း မီဒီယာများ၏ သတင်းထုတ်ပြန်ချက် အရ သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံရေးလှည့်ကွက်အရ ဆီးရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို ယာယီဖြေလျှော့ပေးမည့်အစား ဆီးရီးယားနိုင်ငံအပေါ် တစ်ဖက်သတ်ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုအားလုံးကို ချက်ချင်းဖြေလျှော့ပေးသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်က နေ့စဉ်ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**




# တူကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့၌ မြေငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူပေါင်း သုံးသောင်းကျော်ရှိလာ

**အန်ကာရာ ဖေဖော်ဝါရီ ၁၃**

တူကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့၌ ဖေဖော်ဝါရီ ၆ ရက်တွင် အင်အားပြင်းမြေငလျင်များ လှုပ်ခတ်ခဲ့ရာ သေဆုံးသူပေါင်း သုံးသောင်းကျော်ရှိပြီဖြစ်သည်။

ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ အဆိုပါ ငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များကြောင့် တူကီယဲနိုင်ငံ၌ သေဆုံးသူပေါင်း ၂၉၆၀၅ ဦးရှိပြီး ဆီးရီးယားနိုင်ငံ၌ ၁၄၁၄ ဦးရှိသည်။ ယင်းနှစ်နိုင်ငံ၌ ထိခိုက်ဒဏ်ရာရသူပေါင်း ၈၂၃၄၉ ဦးရှိသည်။ ထို့ပြင် တူကီယဲနိုင်ငံအတွင်းရှိ အဆောက်အအုံများ ပြိုကျမှုတွင် တာဝန်ရှိသည့် ဆောက်လုပ်ရေးကန်ထရိုက်တာများကိုလည်း ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။ အဆိုပါ မြေငလျင် လှုပ်ခတ်မှုအပြီး ထောင်ချီသည့်ရှာဖွေကယ်ဆယ်ရေးလုပ်သားများသည် အချိန်နှင့် တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ကလေးငယ်တစ်ဦး အပါအဝင် သက်ကြီးရွယ်အိုများကို အပျက်အစီးများကြားမှ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ကလေးငယ်တစ်ဦးအား အပျက်အစီးများအကြားမှ ကယ်ဆယ်နိုင်ခဲ့သည့်ဗီဒီယိုဖိုင်ကို တူကီယဲကျန်းမာရေးဝန်ကြီး ဖာရင်တင်ကိုကာက လူမှုမီဒီယာတွင်ထုတ်လွှင့်ပြသခဲ့ပြီး အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရန် မျှော်လင့်ချက်ရှိသေးကြောင်းပြောကြားခဲ့သည်။ တရုတ်အစိုးရမှ လှူဒါန်းသည့် ပထမအသုတ်ကယ်ဆယ်ရေးပစ္စည်းများအဖြစ် ရွက်ဖျင်တဲများနှင့် စောင်များ တူကီယဲနိုင်ငံသို့ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရောက်ရှိလာခဲ့သည်။ ခွဲစိတ်ကုသရေးဆိုင်ရာ ကိရိယာများနှင့် ဆေးရုံကားများကိုလည်း တရုတ်နိုင်ငံမှ ထပ်မံထောက်ပံ့ပေးအပ်သွားရန်ရှိကြောင်းသိရသည်။



ထို့ပြင်ဆီးရီးယားနိုင်ငံသို့လည်း တရုတ်ကြက်ခြေနီအသင်းနှင့် တရုတ်နိုင်ငံသားများမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ဝိုင်းဝန်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။ လစ်ဗျားနှင့် အယ်လ်ဂျီးရီးယားနိုင်ငံများမှ ကူညီကယ်ဆယ်ရေးပစ္စည်းများပါဝင်သည့် လေယာဉ်များကို မြေငလျင်လှုပ်ခတ်ရာဒေသများသို့ ဖေဖော်ဝါရီ ၁၂ ရက်က စေလွှတ်ခဲ့ကြောင်းသိရသည်။

**ကိုးကား –ဆင်ဟွာ**
**ဘာသာပြန် –စိုးသူရ**

# ကင်ညာနိုင်ငံ၌ ဆင်စွယ်တရားမဝင် သယ်ဆောင်လာသူများကို ဖမ်းဆီး

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၃**

ကင်ညာနိုင်ငံအနောက်မြောက်ပိုင်း နီဗားရှားမြို့တွင် တရားမဝင် ဆင်စွယ်သယ်ဆောင်လာသူများထံမှ ကာလတန်ဖိုး ကင်ညာငွေ ၅ ဒသမ ၈ သန်းရှိ ဆင်စွယ် ၁၂ ချောင်းသိမ်းဆည်းရမိကြောင်း ကင်ညာရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

ဆင်စွယ်ရောင်းဝယ်ဖောက်ကားခြင်းသည် တရားမဝင်သောလုပ်ငန်းအမျိုးအစားဖြစ်ကြောင်း၊ ကင်ညာနိုင်ငံသားများအား မိမိတို့အနေဖြင့် အသိပညာပေးလိုကြောင်း ကင်ညာရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အွန်ရန်ဂိုက ပြောကြားသည်။

**ဝေဖန်မှုများမြင့်တက်နေ**

အာဖရိကဒေသရှိ နိုင်ငံများတွင် ဆင်စွယ်နှင့်ကြံ့ချိုကဲ့သို့သော ရှားပါးတိရစ္ဆာန်များမှရရှိသည့် အစိတ်အပိုင်းများကို ဒုစရိုက်ဂိုဏ်းများမှ တရားမဝင် ရောင်းဝယ်မှုမြင့်တက်နေခြင်းအပေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများ၏ ဝေဖန်မှုများမြင့်တက်နေသည်။

ကင်ညာနိုင်ငံ၌ ဆင်၊ ကြံ့စသည့် တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် အဆိုပါတိရစ္ဆာန်များ ကောင်ရေလျော့နည်းမှုဖြစ်ပေါ်လာမည့်အရေး စိုးရိမ်ပူပန်ကြောင်း ကင်ညာတောရိုင်းတိရစ္ဆာန်ဆိုင်ရာလုပ်ငန်းအဖွဲ့က ပြောကြားသည်။

ယခုဖြစ်စဉ်မှ တရားခံများ ကို ဖေဖော်ဝါရီ ၁၂ ရက်က ဖမ်းဆီးရမိခဲ့ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံရှိကျောင်းများ၌ တရုတ်ဘာသာစကားသင်ကြားရန် တောင်းဆို

**မနီလာ ဖေဖော်ဝါရီ ၁၃**

ဖိလစ်ပိုင်နိုင်ငံရှိကျောင်းများ၌ တရုတ်ဘာသာစကားသင်ကြားရန် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်မှ လွှတ်တော် ကိုယ်စားလှယ် Marcelino Libanan က တင်ပြတောင်းဆိုခဲ့ကြောင်း သိရသည်။

**အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေနိုင်**

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံရှိ လုပ်သားများသည် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုကြောင့် နိုင်ငံတကာလုပ်သားဈေးကွက်တွင် နေရာရရှိခဲ့သဖြင့် လက်ရှိအချိန်တွင် နိုင်ငံတကာတွင် သုံးစွဲမှုများပြားလျက်ရှိသည့် တရုတ်ဘာသာစကားကိုလည်း ဖိလစ်ပိုင်လုပ်သားများကို ထပ်မံသင်ယူစေလိုကြောင်း၊ တရုတ်နိုင်ငံအပါအဝင် တရုတ်ဘာသာစကားပြောဆိုသူဦးရေများပြားသည့် စင်ကာပူနိုင်ငံ၌ ဖိလစ်ပိုင်လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေနိုင်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံရှိ မူလတန်းကြိုကျောင်းများနှင့် အထက်တန်းကျောင်းများတွင် တရုတ်ဘာသာစကားပြောသင်တန်းများ ဖွင့်လှစ်ရန်နှင့် တက္ကသိုလ်၊ ကောလိပ်များတွင် တရုတ်ဘာသာစကားကို ထည့်သွင်းသင်ကြားရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အာဖဂန်နစ္စတန်နိုင်ငံက လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့အဖြစ် ကန်ဒေါ်လာ သန်း ၄၀ ထပ်မံရရှိ

**ကဘူးလ် ဖေဖော်ဝါရီ ၁၃**

အာဖဂန်နစ္စတန် နိုင်ငံသည် လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့အဖြစ် အမေရိကန် ဒေါ်လာ သန်း ၄၀ ကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ထပ်မံလက်ခံရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်ဗဟိုဘဏ် (Da Afghanistan Bank)က ပြောကြားသည်။




ယခုတစ်ကြိမ် အာဖဂန်နစ္စတန်နိုင်ငံသို့ ရောက်ရှိလာသည့် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့သည် ငါးရက်တာကာလအတွင်း တတိယကြိမ်မြောက်ဖြစ်ပြီး ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၂ ရက်တို့တွင်လည်း လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့နှစ်ကြိမ် ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ လူမှုနယ်ပယ်တွင် ပြည်သူများ၏ လိုအပ်ချက်များကို အကူအညီပေးရန် နည်းလမ်းအမျိုးမျိုးဖြင့် နိုင်ငံခြားဝင်ငွေများ ရရှိလာခဲ့ခြင်းအပေါ် အာဖဂန်နစ္စတန်ဗဟိုဘဏ်က ကျေးဇူးတင်ရှိကြောင်း ထုတ်ပြန်ချက် တစ်ရပ်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန် နိုင်ငံသည် နိုင်ငံ၏စီးပွားရေးတည်ငြိမ်မှုရှိရန် နိုင်ငံတကာ အသိုက်အဝန်း၏ လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့အဖြစ် လွန်ခဲ့သည့် ၁၆ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံကျော် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"နိုင်ငံပိုင်အဆောက်အအုံများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်စွာလုပ်ကြံသတ်ဖြတ်ပြီး အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်တရားခံများအား ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✤ စာမျက်နှာ ၁၂ မှ

တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာစေရန်လည်း ဆောင်ရွက်နိုင်သည့်အတွက် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ယင်းတို့၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်ဟုပင် ဆိုရမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် မန္တလေးမြို့ရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ကာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုဗစ်ကာလတွင် ကမ္ဘာ့နိုင်ငံများနည်းတူ ကိုဗစ်၏ရိုက်ခတ်မှုကြောင့် MSME လုပ်ငန်းများ ယိုင်နဲ့ခဲ့ရသဖြင့် ပြန်လည်ဦးမော့လာစေရေးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိရန် မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချေးငွေသာမက ဈေးကွက်ရရှိရေးအတွက် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲများတွင် ပါဝင်စေခြင်းဖြင့် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်ဝင်ရောက်နိုင်ရေးကော်မတီမှ ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ အချို့ထုတ်ကုန်များသည် ပြည်ပနိုင်ငံများတွင် ဈေးကွက်အခိုင်အမာရရှိထားပြီဖြစ်သည်။

ထို့အတူ နည်းပညာရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်းကို မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်တိုးက "နိုင်ငံတော်အတွက် အခြေခံကျတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်တွေရဲ့ ဉာဏဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်နည်းပညာရရှိရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး နည်းပညာဆိုင်ရာအကြံဉာဏ်တွေ၊ ပညာရှင်တွေနဲ့ ချိတ်ဆက်ပေးမှုတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟုဆိုသည်။

မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ကြမ်းများ၊ စက်မှုကုန်ကြမ်းများ များစွာထွက်ရှိသည့်အတွက် ကုန်ကြမ်းများကို အရင်းအနှီး၊ ဈေးကွက်၊ နည်းပညာ၊ ကျွမ်းကျင်လုပ်သားတို့ပေါင်းစပ်ကာ အရည်အသွေးမီ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးလျက်ရှိသည်။

စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော၊ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်စေရန် အစိုးရ၊ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်ဆိုသည့် ဒေါက်တိုင် (၃) ရပ် ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းလာကာ အမျိုးသားရေးရည်မှန်းချက်များ ပြည့်ဝပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြစေကြောင်း ဆန္ဒပြုတင်ပြလိုက်ရပါသည်။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၀ | ၂၂၃၀ | ၂၂၅၅ | ၂၂၄၀ | ၂၂၁၅ | ၂၃၁၅ | ၂၃၃၀ | ၂၂၂၀ | ၂၂၃၀ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၅၀၀ | ၂၈၀၀ |
| 95 Ron | ၂၂၅၀ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၀ | ၂၃၀၅ | ၂၂၈၅ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၂၈၈၀ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၃၅၀ |
| HSD (50 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၅ | ၂၃၀၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၃၅ | ၂၃၅၀ | ၂၃၈၀ | ၂၃၈၅ | ၂၃၈၅ | ၂၆၁၅ | ၃၃၈၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၅ | ၂၃၀၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၃၅ | ၂၃၅၀ | ၂၃၈၀ | ၂၃၈၅ | ၂၃၈၅ | ၂၆၁၅ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၂ | ၂၁၄၇ |
| 95 Ron | ၂၁၃၉ | ၂၂၁၅ |
| HSD (500 ppm) | ၂၁၀၉ | ၂၁၈၁ |
| HSD (50 ppm) | ၂၁၈၃ | ၂၂၅၆ |
| HSD (10 ppm) | ၂၁၈၃ | ၂၂၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ညောင်လေးပင်ဘူတာကြီး၌ ပေါက်ကွဲမှုဖြစ်ပွား အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံး၊ ကိုးဦး ထိခိုက်ဒဏ်ရာရ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၊ အကြမ်းဖက်မှုကို လိုလားသည့် လက်နက်ကိုင်သောင်းကျန်းသူများသည် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု ထိခိုက်စေရေးနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရေးတို့အတွက် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတား၊ ဘူတာရုံတို့အား အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်လုပ်ဗုံး/ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို အကြောင်းမဲ့ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ညောင်လေးပင်ဘူတာရုံရှိ အမှတ်(၁) စင်္ကြံပလက်ဖောင်းပေါ်၌လည်း PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် အခင်းဖြစ်နေရာအနီးနှင့် ဘူတာရုံအတွင်းရှိ အပြစ်မဲ့ ခရီးသွားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့မှာ ဖြစ်စဉ်နေရာ၌ပင် သေဆုံးခဲ့ပြီး အမျိုးသား သုံးဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသမှု ခံယူနိုင်ရေး ညောင်လေးပင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ဒဏ်ရာရရှိသူများအနက်မှ အမျိုးသမီး တစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများက ညောင်လေးပင်ပြည်သူ့ဆေးရုံကြီး၌ သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့ပြင် ဒဏ်ရာရရှိသူများကို ပဲခူးမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်စဉ်တွင် သေဆုံးခဲ့ရသူ သုံးဦး၏ မိသားစုဝင်များကိုလည်း ထောက်ပံ့ငွေများပေးအပ်ကာ အားပေးစကားများ ပြောကြားခဲ့သည်။

ထိုကဲ့သို့ အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် ဘူတာရုံအား မိုင်းထောင်ဖောက်ခွဲခဲ့သူ PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှုများကို တွေ့မြင်သိရှိရပါက အကြမ်းဖက်မှုလုပ်ရပ်များအား ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများ ထိခိုက်ဒဏ်ရာရရှိသူများအား ညောင်လေးပင် ပြည်သူ့ဆေးရုံကြီး၌ သွားရောက်ကြည့်ရှုအားပေးစဉ်။



ညောင်လေးပင်မြို့နယ် ညောင်လေးပင်ဘူတာရုံရှိ အမှတ်(၁)စင်္ကြံပလက်ဖောင်းပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားစဉ်။

# ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အသက် တစ်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသမီး နှစ်ဦးနှင့် ကလေးငယ် ငါးဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အသက် တစ်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသမီး နှစ်ဦး၊ ကလေးငယ် ငါးဦးတို့ သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့ အရှေ့ကုန်းကျေးရွာနေ ကျောက်လုံးကြီးကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်(၆၂)နှစ် (ဘ)ဦးလှမောင်သည် ၎င်း၏နေအိမ်၌ မိသားစုနှင့်အတူ အိပ်ပျော်နေစဉ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၂၅ ဦးခန့်က နေအိမ်ရှေ့သို့ ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး အိမ်အတွင်း ဝင်ရောက်လာကာ သေနတ်များဖြင့် အကြောင်းမဲ့ ဝိုင်းဝန်းပစ်ခတ်ခဲ့၍ ဦးမြင့်အောင်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

နံနက် ၇ နာရီတွင် အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးမြင့်အောင်က ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အသက် တစ်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် မိသားစုဝင်များဖြစ်ကြသည့် အမျိုးသမီး နှစ်ဦးနှင့် ကလေးငယ် ငါးဦးတို့ ကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးလျက် တွေ့ရှိခဲ့ရသည်။

ထိုသို့ ကျေးရွာအတွင်း ဝင်ရောက်ကာ ဆင်ခြင်တုံတရားမဲ့စွာဖြင့် ရက်စက်စွာ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ ပြည်သူများနှင့် ကလေးငယ်များ ထိခိုက်သေဆုံးစေခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၇၁)ရပ်ကွက်နေ ရဲမြင့်အောင်သည် ၎င်းအသုံးပြုသည့် "Yemyint Aung" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသီတာဦး၊ ပါမောက္ခ(ဌာနမှူး) ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဇီဝဗေဒဘာသာရပ်ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအားလုံး စာမေးပွဲမှာလွယ်ကူစွာဖြေဆိုနိုင်ကြဖို့ရည်ရွယ်ပြီး ဇီဝဗေဒဘာသာရပ် လမ်းညွှန်အထောက်အကူပြု ပို့ချသွားမယ့်သင်ခန်းစာဖြစ်ပါတယ်။ Grade 11 Biology မှာပါဝင်တဲ့ အခန်း(၁) မှ (၁၂) အထိ ပြဋ္ဌာန်းတဲ့သော သင်ခန်းစာများအလိုက် စာမေးပွဲမေးခွန်းပုံစံများနဲ့အတူ ဖော်ပြသွားမှာ ဖြစ်ပါတယ်။ Grade 11 Biology မှာပါဝင်တဲ့ အကြောင်းအရာများအားလုံးဟာ ဇီဝဗေဒဘာသာရပ်နဲ့ပတ်သက်ပြီး သိရှိရမယ့်အချက်များကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သေချာကြေညက်အောင် လေ့လာကျက်မှတ်ခြင်းအားဖြင့် မေးခွန်းအားလုံးကို အခက်အခဲမရှိဘဲ အမှတ်ပြည့်လုနီးပါး ဖြေဆိုနိုင်ကြမှာ ဖြစ်ပါတယ်။

ဇီဝဗေဒသင်ရိုးမှာပါတဲ့ သင်ခန်းစာကို လေ့လာကြည့်ရင် Chapter I to IV ကို ရှင်းလင်းထားခြင်းဟာ Chapter VI to X အတွင်းပါဝင်တဲ့ ရုက္ခဗေဒ (Botany) ဘာသာရပ်ဆိုင်ရာအကြောင်းအရာများကို အခြေခံအားဖြင့် နားလည်စေရန်ဖြစ်တယ်။

အပင်တစ်ပင်ရဲ့ အစိတ်အပိုင်း Parts of a plant ကိုလေ့လာကြည့်မယ်ဆိုရင် မြေအောက်ပိုင်းမှာရှိတဲ့ အမြစ်ပိုင်း (Root) နဲ့ မြေပေါ်မှာရှိတဲ့ ပင်စည်(stem)၊ အကိုင်း (branch)၊ အရွက်(Leaf)၊ အဖူး(bud)၊ အပွင့်(flower)၊ အသီးနဲ့အစေ့(Fruit and seed) တွေပါရှိတဲ့အစိတ်အပိုင်းတွေကို လေ့လာပြီးတဲ့အခါ အပင်အမျိုးအစားခွဲခြားခြင်းနဲ့ ပတ်သက်လို့ လေ့လာရမှာ ဖြစ်တယ်။ ပင်စည်ရဲ့သဘာဝ (Nature of stem) နှင့် ကြီးထွားမှု (Growth habit) ပေါ်မူတည်ပြီး ပင်စည်မကြီး တစ်ခုသာရှိတဲ့ (Tree) သစ်ပင်၊ ပင်စည်မကြီးအစား အောက်ခြေမှပင်စည်ကိုင်းများစွာ ဖြာထွက်လာသော အရွယ်လတ် (Shrub) ချုံပင်၊ ပင်စည်ပျော့ပျောင်းသော (Herb) သစ်ပျော့ပင်၊ ပင်စည်ပျော့ပျောင်းသောကြောင့် မထောင်မတ်နိုင်ဘဲ အမှီအခိုလိုအပ်သော (Climber) နွယ်ပင်နဲ့ ပင်စည်အားနည်းသောကြောင့် မြေပေါ်တွင် တွားသွားရသော (Creeper) တွားသွားပင်လို့ ခွဲခြားနိုင်တယ်။

အပင်များကို သက်တမ်း (Length of life) ပေါ်မူတည်ပြီးလည်း အပင်များရဲ့ဘဝစက်ဝန်း (Life cycle) ကို တစ်ရာသီအတွင်းပြီးမြောက်စေပြီး အပွင့်နဲ့အသီးတွေကို ထုတ်လုပ်ပေးတဲ့ သက်တမ်းတိုသော (Annual) တစ်ရာသီခံပင်၊ အပင်တွေ၏ ဘဝစက်ဝန်း (Life cycle) ကို နှစ်ရာသီကြာမှ ပြီးမြောက်စေသော (Biennial) နှစ်ရာသီခံပင်နဲ့ နှစ်ပေါင်းများစွာ ရှင်သန်သီးပွင့်နိုင်သော (Perennial) နှစ်ရှည်ခံပင် ဆိုပြီးခွဲခြားနိုင်တယ်။

အပင်များကို ရှင်သန်ပေါက်ရောက်ရာဒေသနဲ့ ရေရရှိမှုပေါ်မူတည်ပြီး (Hydrophytes) ရေကြိုက်ပင်၊ (Xerophytes) ရေနည်းခံပင်၊ (Mesophytes) ရေအသင့်အတင့် ကြိုက်ပင်ဆိုပြီး အမျိုးအစားခွဲခြားနိုင်တယ်။ အပင်တွေရဲ့ အစာအာဟာရ ရယူပုံနည်းလမ်းပေါ်မူတည်ပြီး (Autophytes) ကိုယ်တိုင်အစာပြုလုပ်နိုင်တဲ့ အစိမ်းရောင်ရှိတဲ့ အပင်တွေ၊ (Parasites) အစိမ်းရောင်မရှိသော၊ အစာအာဟာရအတွက် အခြားသက်ရှိပေါ်မှာ မှီခိုနေရတဲ့ကပ်ပါးပင်တွေ၊ (Saprophytes) အဆွေးစားပင်များ၊ (Epiphytes) သစ်ကပ်ပင်များနှင့် (Insectivorous or Carnivorous plants) အစာအာဟာရအတွက် ပိုးမွှားတွေကို ဖမ်းယူစားသုံးနိုင်တဲ့ အင်းဆက်ပိုးစားပင် (သို့မဟုတ်) အသားစားပင်တွေကို အမျိုးအစားခွဲခြားနိုင်ပြီး အမြစ် (The root) နဲ့ အမြစ်ရဲ့နယ်များ (Regions of the root) အကြောင်းကို လေ့လာကြရမှာ ဖြစ်တယ်။

အမြစ်၊ ပင်စည်၊ အရွက်တွေရဲ့ထူးကဲမှု (Modifications of Roots, stems and leaves) တွေကို သေချာနားလည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။ Modification အပင်အမျိုးအစားတွေကို ပုံတွေနဲ့ ဖော်ပြထားတာကြောင့် ပုံအညွှန်း (Label)၊ ပုံခေါင်းစဉ် (Caption) တွေကို မှတ်သားထားပြီး ပုံဆွဲတတ်အောင်လည်း လေ့ကျင့်ထားဖို့လိုတယ်။

**MODIFIED PLANTS**

| Modified Function | Modified Roots | Modified Stems | Modified Leaves |
|---|---|---|---|
| Storage | Modified tap roots (e.g., carrot, radish, sugar beet) | Underground stems Rhizome(e.g., ginger) Tuber (e.g., potato) | Food storage leaves e.g., onion bulb Water storage leaves e.g., Sansevieria |
| Support | Prop roots (e.g., banyan) Climbing roots (e.g., betel) | Twiner (e.g., Ipomoea) Tendril climber (e.g., cucurbit) | False trunk or supporting leaf sheaths (e.g.,banana) Buoyancy by leaf floats (e.g., water hyacinth) |
| Respiration | Respiratory roots (e.g., Jussiaea) | | |
| Absorption | Sucking roots or Haustoria (e.g., dodder, Loranthus) | | Insectivorous plants (e.g., Pitcher plant, Sundew, Venus flytrap, Bladder–wort) |
| Food manufacture (Photosynthesis) | | Phylloclade (e.g., cactus) | |
| Reproduction (Vegetative propagation) | | Runner (e.g., strawberry)Rhizome (e.g., ginger) Tuber (e.g.,potato) | Bryophyllum |

အခုဆက်လက်ပြီး ပန်းပွင့်အကြောင်းကို ဖော်ပြမှာဖြစ်တယ်။ ပန်းပွင့်ဆိုတာ အပင်တစ်ပင်ရဲ့ မျိုးပွားတဲ့အင်္ဂါ (Reproductive structure) ဖြစ်တယ်။ ပန်းပွင့်တစ်ပွင့်ရဲ့ Floral leaves ပွင့်ရွက်တွေထဲက Androecium ဖိုအင်္ဂါအုံ နဲ့ Gynoecium မအင်္ဂါအုံတွေရဲ့ Structure and Functions တွေနဲ့ Position of Floral Leaves on the receptacle ပွင့်ရင်းခံပေါ်ရှိ ပွင့်ရွက်တွေ တည်နေပုံအချက်အလက်တွေကို နှိုင်းယှဉ်လေ့လာသင့်ပါတယ်။ ပန်းခိုင်(Inflorescence) မှာ ပန်းပွင့်တွေဟာ တစ်ခုတည်းသောပွင့်ကိုင်း (Peduncle) ပေါ်မှာတည်ရှိနေကြပြီး အဲဒီပန်းခိုင်တွေရဲ့ထိပ်မှာ အဖူးနဲ့ဆုံးတဲ့ပန်းခိုင်ဟာ ဆက်ပြီး တိုးရှည်နိုင်တဲ့အတွက် အဆုံးမရှိပန်းခိုင် (Racemose) နဲ့ အဲဒီပန်းခိုင်တွေရဲ့ထိပ်မှာ ပန်းပွင့်နဲ့အဆုံးသတ်နေရင် အဆုံးရှိပန်းခိုင် (Cymose) ဆိုပြီး ခွဲခြားလေ့လာနိုင်တယ်။ ဝတ်မှုန်ကူးခြင်း (Pollination) ကဏ္ဍမှာ ပွင့်တည်း ဝတ်မှုန် ကူးခြင်း (Self–pollination)ရဲ့ adaptation နှစ်ခုဖြစ်တဲ့ Homogamy ပြိုင်တူရင့်ခြင်းနဲ့ Cleistogamy ငုံခြင်းဆိုပြီး နှစ်မျိုးရှိပြီး ပွင့်ခြား ဝတ်မှုန်ကူးခြင်း (Cross–pollination) ဖြစ်တဲ့ ပန်းပွင့်တွေမှာ ဝတ်မှုန်ကူးဖို့ ပြင်ပအကူ (External agents) တွေလိုတယ်။ အဲဒီ Agent တွေအရ Insect အားဖြင့် ဝတ်မှုန်ကူးရင် Entomophily၊ လေအကူအညီကြောင့် ဝတ်မှုန်ကူးရင် Anemophily၊ ရေအကူအညီကြောင့်ဖြစ်ရင် Hydrophily နဲ့ သတ္တဝါကြောင့် ဝတ်မှုန်ကူးရင် Zoophily ဆိုပြီး မှတ်သားရမယ်။ သန္ဓေအောင်ခြင်း (Fertilization) မှာ အမဂမိ(Female gamete)၊ အဖိုဂမိ(Male gamete)၊ Fertilization and Changes after fertilization ဖြစ်ပေါ်ပုံအချက်အလက်တွေကိုလည်း သိထားရမှာ ဖြစ်တယ်။

Chapter III The Fruit and its Dispersal of Seeds အသီးတွေနဲ့အစေ့ပျံ့နှံ့ခြင်း အခန်းနဲ့ပတ်သက်ပြီး ပန်းပွင့်ရဲ့ Ovaries ကနေ (Fruits) အသီးတွေ ဖွံ့ဖြိုးလာကြပြီး အသီးတွေကို ယေဘုယျအားဖြင့် တစ်ပွင့် တစ်သီးမျိုး(Simple fruit), တစ်ပွင့်သီးစုမျိုး(Aggregate fruit) နဲ့ ပွင့်ပေါင်းသီးမျိုး (Composite) ဆိုပြီး သုံးမျိုးခွဲခြားထားတာတွေကို ပုံတွေနဲ့တကွလေ့လာရပါမယ်။ အစေ့တွေ ပျံ့လွင့်ခြင်းအကြောင်းအရင်းနဲ့ ပျံ့လွင့်နည်းတွေကိုလည်း နားလည်ဖို့လိုအပ်ပါတယ်။

Chapter IV The seed and its germination မှာ အစေ့လောင်း (Ovules) ကနေ အစေ့ (Seed) ဖြစ်လာပြီး အစေ့တစ်စေ့မှာ (Embryo) ပင်လောင်းတစ်ခု၊ (Cotyledons) စေ့ရွက်တစ်ခု သို့မဟုတ် နှစ်ခုနဲ့ (Seed coat) အစေ့ခွံတို့ပါဝင်တယ်။ စေ့ရွက်ပါဝင်မှုပေါ်မူတည်ပြီး (Monocotyledons) စေ့ရွက်ထီးနဲ့ Dicotyledons စေ့ရွက်စုံဆိုပြီး ခွဲခြားနိုင်တယ်။ အစေ့ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံ (Internal Structure of a Bean seed, structure of a maize grain) နဲ့ အစေ့အညှောက်ပေါက်ခြင်း (Germination) နှစ်မျိုးမှာ စေ့ရွက်မြေပေါ်ပေါက်ခြင်း (Epigeal Germination) နဲ့ စေ့ရွက်မြေအောက်ပေါက်ခြင်း (Hypogeal Germination) အကြောင်းအရာတွေကို နားလည်သဘောပေါက်ရပါမယ်။ အသီး၊ အစေ့နဲ့အပင်ပေါက်ခြင်း အကြောင်းအရာတွေကို သက်ဆိုင်ရာဥပမာတွေနဲ့လေ့လာရင် ပိုမိုနားလည်သဘောပေါက်မှာ ဖြစ်ပါတယ်။ Chapter I to IV ကို သေချာလေ့လာဖြေဆိုခြင်းအားဖြင့် မေးခွန်းပုံစံမှ အပိုင်းလိုက်ရရှိနိုင်တဲ့ အမှတ်မှာ (၂၆) မှတ် ဖြစ်ပါတယ်။

Chapter V A Typical Mammal အခန်းမှာတော့ ကျောရိုးရှိဖြစ်တဲ့ နို့တိုက်သတ္တဝါတွေကို အုပ်စု (၃) စုခွဲခြားပုံကိုဖော်ပြပြီး ယင်းတို့ရဲ့ ယေဘုယျလက္ခဏာ ၁၀ ချက်ကို ရှင်းလင်းထားတာဟာ Chapter V to X အတွင်းပါဝင်တဲ့ သတ္တဗေဒ (Zoology) ဘာသာရပ်ဆိုင်ရာအကြောင်းအရာတွေကို အခြေခံအားဖြင့် နားလည်စေရန်ဖြစ်တယ်။

ပုံစံပြနို့တိုက်သတ္တဝါအနေနဲ့ The Rabbit (Lepus cuniculus) ရဲ့အလေ့အထ(Habits) ကို သိရှိပြီးတဲ့နောက် အတွင်းခန္ဓာဗေဒဆိုင်ရာ တည်ဆောက်မှုတွေဖြစ်တဲ့ အရိုးငြမ်းအဖွဲ့အစည်း (Skeletal system)၊ အစာခြေအဖွဲ့အစည်း (Digestive system Fig. 5.2)၊ သွေးလှည့် အဖွဲ့အစည်းမှ (Summarized arterial system, Summarized venous system Fig. 5.5)၊ အညစ်အကြေးစွန့်အဖွဲ့အစည်း (Excretory system Fig. 5.6)၊ မျိုးပွားအင်္ဂါအဖွဲ့အစည်း (Reproductive system Fig. 5.9, Fig. 5.10)၊ အာရုံကြောအဖွဲ့အစည်း (Nervous system Fig. 5.13) တွေကို သရုပ်ဖော်ပုံတွေနဲ့တကွ စိတ်ဝင်စားဖွယ်လေ့လာနိုင်ပါတယ်။ Chapter V ကို သေချာလေ့လာဖြေဆိုခြင်းအားဖြင့် မေးခွန်းပုံစံမှအပိုင်းလိုက် ရရှိနိုင်တဲ့အမှတ်မှာ (၂၀) မှတ် ဖြစ်ပါတယ်။

Chapter VI Nutrition အပိုင်းရဲ့ အဓိကဖြစ်စဉ်ကတော့ Photosynthesis (အလင်းမှီစု အစာဖွဲ့စည်းခြင်း) ဖြစ်တယ်။ Plant Nutrition Fig. 6.1, Autotrophic Nutrition, Role of Chlorophyll in Photosynthesis တွေကို နားလည်သိရှိရမှာဖြစ်တဲ့အပြင်(၁) Photosynthesis နဲ့ဆက်စပ်တဲ့ The starch test ၊ (၂) Factors controlling photosynthesis, Intake substances required for photosynthesis, Fig. 6.5၊ (၃) Photosynthesis ဖြစ်စဉ်ဟာ အများအားဖြင့် အရွက်တွေမှာသာ ဖွဲ့စည်းဖြစ်ပေါ်တတ်ကြလို့ A leaf is composed of several distinct layers နဲ့ The leaf is adapted for the process of photosynthesis ၊ (၄) Mineral nutrition တွေအကြောင်းကို လေ့လာရမှာဖြစ်ပါတယ်။

သတ္တဝါတွေရဲ့ အစာစားပုံနဲ့ပတ်သက်ပြီး ဆဲလ်တစ်ခုတည်းနဲ့ တည်ဆောက်ထားတဲ့ Protozoa တစ်ကောင်ဖြစ်တဲ့ Paramecium ရဲ့ ခန္ဓာကိုယ်တွင်းအစာဖမ်းယူပုံ၊ အစာလှည့်လည်ပုံနဲ့ အညစ်အကြေးစွန့်ပုံအကြောင်းကို သိရှိရပါမယ်။ Diet ညီမျှမှုမရှိရင်ဖြစ်နိုင်တဲ့ ဆိုးကျိုး (Obesity and Constipation) တွေအပြင် Human alimentary canal, General pattern of Animal nutrition နဲ့ Functions of the digestive system, Fig. 6.9 လုပ်ဆောင်မှုအဆင့်ဆင့်ကို သိရှိထားဖို့လည်း လိုတယ်။ Dentition အပိုင်းမှာ Chewing increases the surface areas of food, Diastema, Carnassials, Closed root and Open root အကြောင်းတွေနဲ့ Table မှာ ဖော်ပြထားတဲ့ Omnivore, Carnivore and Herbivore တို့ရဲ့ Dental formula တွေကို Example, Food source တွေနဲ့အတူ မှတ်သားကြရမှာ ဖြစ်ပါတယ်။ Chapter VI ကို သေချာလေ့လာဖြေဆိုခြင်းအားဖြင့် မေးခွန်းပုံစံမှ အပိုင်းလိုက်ရရှိနိုင်တဲ့အမှတ်မှာ (၂၀) မှတ် ဖြစ်ပါတယ်။

Chapter VII Respiration မှာသက်ရှိဆဲလ်ထဲမှာ Glucose ပြိုကွဲမှုကြောင့် Chemical energy ဓာတုစွမ်းအင်ထွက်ရှိခြင်းကို Respiration စွမ်းအင်ထုတ်ခြင်းလို့ခေါ်တယ်။ စွမ်းအင်ထုတ်ခြင်းမှာ Aerobic respiration လေရှိစွမ်းအင်ထုတ်ခြင်းနှင့် Anaerobic respiration လေမဲ့စွမ်းအင်ထုတ်ခြင်းနှစ်မျိုးတို့ရဲ့ အကြောင်းအရာတွေကိုလေ့လာကြရမှာဖြစ်တယ်။ Chapter VII Respiration မှာ Aerobic respiration နဲ့ပတ်သက်ပြီး experiment တစ်ခုဖြစ်တဲ့ To demonstrate that carbon dioxide is released during respiration နဲ့ Anaerobic respiration မှာ experiment တစ်ခု To demonstrate anaerobic respiration in germinating seeds ကို လေ့လာကြရမှာဖြစ်တယ်။ စမ်းသပ်ချက် experiment တွေကို ကျက်မှတ်ရာမှာ နှိုင်းယှဉ်စမ်းသပ်မှု ပစ္စည်းကိရိယာတွေတပ်ဆင်ပုံနဲ့ တွေ့ရှိချက်တို့ကိုကွဲပြားစွာ နားလည်ဖို့လိုအပ်ပါတယ်။ Gaseous exchange in mammals အပိုင်းမှာ အဆုတ်ရဲ့ လုပ်ငန်းတာဝန်နှစ်ခု Inspiration and Expiration နဲ့ဆက်စပ်နေတဲ့ Control, At the end of inspiration, The rate of respiration အကြောင်းအရာတွေကိုလည်း ဆက်စပ်နားလည်ဖို့လိုတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

Chapter VIII Water Relation သက်ရှိများနှင့် ရေ၏နီးနွယ်ဆောင်ရွက်မှု အခန်းမှာ သက်ရှိတွေ ရှင်သန်ကြီးထွားဖို့ အလွန်အရေးကြီးတဲ့ ရေရဲ့အရေးပါမှုတွေကို ဖော်ပြထားပြီး ရေရဲ့အသုံးဝင်အရေးပါမှု အကြောင်းရင်း ငါးခုထဲက (Solvent)ဖျော်ရည်၊ (Coolant) အေးစေသောပစ္စည်း၊ (Support) အထောက်အကန် ပစ္စည်းနဲ့ (Lubricant) ချောမွေ့စေတဲ့ပစ္စည်းတွေကို နားလည်ရမှာဖြစ်ပါတယ်။ ပျံ့ရောခြင်း (Diffusion)၊ တစ်ဖက်စိမ့်ခြင်း(Osmosis)နဲ့ အပင်တွေမှာအရေးပါတဲ့ (Absorption of water and mineral salts by the plants) ရေနဲ့ဓာတ်ဆားတွေ စုပ်ယူခြင်း၊(Transpiration) ပင်ငွေ့ပြန်ခြင်း၊ (Translocation) ပျော်ဝင်ပစ္စည်းများ ပြောင်းရွှေ့ခြင်းတွေဟာ အပင်ဆက်လက်ရှင်သန်ဖို့ လုပ်ဆောင်နေတဲ့ အကြောင်းအရာတွေဖြစ်ကြောင်း သိရှိရမှာဖြစ်ပြီး စမ်းသပ်ချက်တွေကို ကွဲပြားစွာနားလည်ဖို့ လိုအပ်ပါတယ်။ သတ္တဝါတွေအသက်ရှင်ဖို့ ခန္ဓာကိုယ်အတွင်းလှည့်ပတ်စီးဆင်းနေတဲ့ Blood နဲ့ Lymph အကြောင်းအရာတွေကိုလည်း သရုပ်ဖော်ပုံတွေနဲ့ လေ့လာရမှာဖြစ်ပါတယ်။

Chapter IX Coordination ကတော့ သက်ရှိတွေဖြစ်တဲ့ အပင်နဲ့ သတ္တဝါတွေဟာ အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် ပတ်ဝန်းကျင်ကနေ လှုံ့ဆော်မှုမှန်သမျှကို တုံ့ပြန်နိုင်မှုကို လေ့လာတဲ့အခန်း ဖြစ်ပါတယ်။ Chapter IX Coordination မှာ Plant hormones (Abscissin, Ethylene), Motion responses, phototropism and geotropism, Reflex action and A reflex arc, The eye Fig. 9.1, Summarized internal structure of the eye, Summarized account of the human skin, Endocrine glands in mammals စတဲ့ အကြောင်းအရာတွေကို နားလည်ဖို့လိုအပ်တယ်။

Chapter VII, VIII, IX အခန်း သုံးခန်းကို သေချာလေ့လာဖြေဆိုခြင်းအားဖြင့် မေးခွန်းပုံစံကနေ အပိုင်းလိုက်ရရှိနိုင်တဲ့အမှတ်မှာ (၂၆) မှတ် ဖြစ်ပါတယ်။

Chapter X Reproduction ဟာ သတ္တဝါတို့ရဲ့မျိုးပွားမှုတွေကို အနှစ်ချုပ်လေ့လာတဲ့အခန်း ဖြစ်ပါတယ်။ Chapter X နဲ့ပတ်သက်ပြီး Sexual reproduction in plants Fig. 10.1, Asexual reproduction in animals and Sexual reproduction in man, Comparison of eggs and sperms Fig. 10.4, Fertilization, Implantation, Gestation period (Umbilical cord) Fig. 10.5, Menstrual cycle စတဲ့ အကြောင်းအရာတွေကို လေ့လာကြရမှာဖြစ်ပါတယ်။

Chapter XI Inheritance မျိုးရိုးဆက်ခံခြင်းအတွက် ပြဋ္ဌာန်းစာအုပ်ပါအခန်းမှာ အပင်နဲ့သတ္တဝါတွေဟာ ၎င်းတို့ရဲ့သွင်ပြင်လက္ခဏာတွေကို (Gene) ဗီဇတွေကနေတစ်ဆင့် နောက်မျိုးဆက်တွေကို လက်ဆင့်ကမ်းပေးတဲ့ မျိုးရိုးဆက်ခံခြင်း (Inheritance) အကြောင်းအရာတွေကို လေ့လာတဲ့အခန်းမှာ Nucleus, Cell division, Genetics, Gregor mendel's rules of genetics, Selection တွေကို သိရှိရမှာဖြစ်တယ်။

Chapter XII Environmental Biology ပတ်ဝန်းကျင်ဆိုင်ရာ ဇီဝဗေဒသင်ခန်းစာမှာ သက်ရှိတွေနဲ့ ပတ်ဝန်းကျင်ဆက်စပ်မှု သဘောတရားတွေကို လေ့လာတဲ့အခန်းဖြစ်ပြီး ပတ်ဝန်းကျင်ဆိုင်ရာဘာသာရပ် အခေါ်အဝေါ်တွေနဲ့ ၎င်းတို့ရဲ့ အဓိပ္ပာယ်ရှင်းလင်းချက်တွေကို ဦးစွာနားလည်ဖို့နဲ့ Abiotic or Physical Factors of an ecosystem, The Biologic Environment and Interrelations of Organisms (Symbiosis, Mutualism), Cycles in an Ecosystem, The Water Cycle နဲ့ Nitrogen Cycle တွေအပြင် Other Factors, Pollution (Air pollution, Land and Water pollution) အကြောင်းအရာတွေကို ကျောင်းသားကျောင်းသူတွေအနေနဲ့ အလွတ်ကျက်တာထက် အခြေခံကျတဲ့ဖြစ်စဉ်တွေကို သေချာစွာနားလည်သဘောပေါက်အောင် ဖတ်ရှုလေ့လာပြီးမှ ကျေညက်အောင် ကျက်မှတ်ထားသင့်တယ်။

Chapter X, XI, XII အခန်း သုံးခန်းကို လေ့လာဖြေဆိုခြင်းအားဖြင့် မေးခွန်းပုံစံကနေ အပိုင်းလိုက်ရရှိနိုင်တဲ့ အမှတ်ကတော့ (၂၃) မှတ်ဖြစ်ပါတယ်။

သင်ရိုးကုန် ကျေညက်အောင်ကျက်မှတ်ထားတဲ့ ကျောင်းသား ကျောင်းသူတွေအဖို့ မေးခွန်းအားလုံးကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။ ရွေးချယ်ကျက်မှတ်ထားတဲ့သူတွေအဖို့တော့ မေးခွန်းအားလုံးကို ပြည့်စုံစွာဖြေဆိုနိုင်ကြမှာ မဟုတ်ပါ။ ဂုဏ်ထူးထွက်ပြီး အမှတ်ပြည့်လုနီးပါးရတဲ့ ကျောင်းသား ကျောင်းသူတွေဟာ သင်ရိုးကုန်ကို သဘောပေါက်နားလည်အောင် ကျေညက်စွာကျက်မှတ်ထားသူတွေ ဖြစ်ကြတယ်။

**ဆက်လက်ပြီး ဇီဝဗေဒဘာသာရပ် မေးခွန်းပုံစံကိုဖော်ပြထားပါတယ်။**

| | | | | |
|---|---|---|---|---|
| 1. | TRUE or FALSE | 1 mark each | 10 statements | 10 marks |
| 2. | Multiple Choice | 1 mark each | 10 statements | 10 marks |
| 3. | Completion | 1 mark each | 10 statements | 10 marks |
| 4. | Short Questions | 2 marks each | 5 questions | 10 marks |
| 5. | Short Questions | 5 marks each | 4 out of 5 questions | 20 marks |
| 6. | Long Questions | 10 marks each | 4 out of 6 questions | 40 marks |

ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံကို လေ့လာမယ်ဆိုရင် – မေးခွန်းနံပါတ် (၁)၊ (၂) နဲ့ (၃) ကတော့ လုံးဝရွေးချယ်ပိုင်ခွင့်မရှိဘူး။ မေးခွန်းနံပါတ် (၄) ကတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် သို့မဟုတ် (OR) ခံထားတဲ့ မေးခွန်းအမျိုးအစားတွေပါတော့ ရွေးချယ်ဖို့ အခွင့်အရေးရှိတယ်လို့ ပြောနိုင်ပါတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် (၅) နဲ့ (၆) မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေ ပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုပြီးရှိတယ်။

မေးခွန်းနံပါတ် 1. TRUE or FALSE statements ကိုဖြေဆိုဖို့ Statement ဟာ အားလုံးမှန်ကန်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ကိုက်ညီရင် TRUE ဖြစ်ပြီး ကွဲလွဲမှုရှိရင် FALSE ဖြစ်ကာ all capital letter နဲ့ရေးရင် ပိုကောင်းပါတယ်။ သို့သော် မည်သို့ပင်ဖြေဖြေ အဖြေမှန်ရင် အမှတ်ရမည်ဖြစ်ပြီး အဖြေနှစ်မျိုးရေးခဲ့ရင် အမှတ်လုံးဝမပေးပါ။ ကောက်နုတ်ထားတဲ့ Statement တွေအနေနဲ့ ဖတ်စာအုပ်ကနေ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own construction နဲ့မေးထားတဲ့ statement တွေလည်းရှိတာကို တွေ့ကြပါလိမ့်မယ်။ မေးထားတဲ့ TRUE or FALSE statements တွေကို သေသေချာချာနားလည်အောင်ဖတ်ပါ။ TRUE or FALSE statements ဖော်ပြချက်တွေဟာ နားလည်သဘောပေါက်မှုကို ဦးစားပေး မေးထားတာတွေ့ရလိမ့်မယ်။

မေးခွန်းနံပါတ် 2. Multiple Choice ဖြေဆိုရာမှာ အဖြေမှန် (Correct answer) ကို ရွေးချယ်ဖို့ စကားလုံး လေးလုံး (A, B, C, D) ထဲက တစ်လုံးကို ပုဒ်ခွဲငယ်နံပါတ်နဲ့အတူ ဖော်ပြဖြေဆိုရမှာ ဖြစ်တယ်။ နောက်ကစကားလုံးကို ရေးစရာမလိုပါ။

မေးခွန်းနံပါတ် 3. Completion statement တွေအတွက်ကတော့ ကွက်လပ်ချန်ထားတဲ့နေရာမှာ မှန်ကန်တဲ့အဖြေစကားလုံး (Word) ကို စာလုံးပေါင်း (Spelling) မှန်မှန်နဲ့ ဖြေဆိုပေးရမှာ ဖြစ်တယ်။ ဖြည့်စွက်မယ့် စကားလုံးရဲ့ Tense ကိုဂရုစိုက်ဖို့လိုသလို သိပ္ပံအမည်တွေ (Scientific name) ကို ရေးသားဖော်ပြခိုင်းရင်တော့ မျိုးစု (Genus) ဖြစ်ခဲ့ရင် အစ စာလုံးကို Capital letter နဲ့ စရေးပြီး မျဉ်းသားပေးဖို့ လိုအပ်ပါတယ်။ စာလုံးပေါင်းတွေကိုလည်း သတိထားပြီး ရေးသားကျက်မှတ်ရပါမယ်။ Objectives မေးခွန်းတွေ ဖြေဆိုရာမှာ စာကြောင်း (Statements) တွေကို ပြန်ကူးရေးစရာ မလိုပါဘူး။

Objectives statements (၃၀) ကို မှန်ကန်အောင်ဖြေဆိုနိုင်ဖို့ကတော့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ရိုးပါ အကြောင်းအရာတွေကို နှုတ်တိုက်ကျက်မှတ်မယ့်အစား အကြောင်းအရာရဲ့ အနှစ်သာရကို အဓိပ္ပာယ်ရှိစွာနဲ့ ဆက်စပ်တွေးခေါ်ပြီး သဘောပေါက်နားလည်အောင် မှတ်သားထားမှသာ လွယ်လင့်တကူ ဖြေဆိုနိုင်မှာဖြစ်တယ်။ Objectives မေးခွန်းတွေဟာ နားလည်သဘောပေါက်မှုနဲ့ စဉ်းစားတွေးခေါ်ယူဆမှုကို အခြေခံတဲ့အတွက် သေချာလေ့လာမှတ်သားဖို့ လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition) တွေနဲ့ Statements တွေဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာ မရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူတွေအနေနဲ့ ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံးကို ခြုံငုံလေ့လာဖတ်ရှုထားဖို့ လိုပါမယ်။

မေးခွန်းနံပါတ် 4, 5 နဲ့ 6 ကိုဖြေဆိုရာမှာ မေးခွန်းတွေကိုသေချာစွာဖတ်ရှုပြီး အမှတ်ပြည့်ရနိုင်မယ့် မေးခွန်းမျိုးကို ရွေးချယ်ဖြေဆိုဖို့လိုအပ်တယ်။ မေးခွန်းတိုမှာ တိုတိုနဲ့လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်ပြီးတော့ မေးခွန်းရှည်မှာ ဘာသာရပ်ဆိုင်ရာ နားလည်တတ်ကျွမ်းမှုကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်းတွေမှာ ပုံဆွဲခိုင်းရင် အချိုးကျသပ်ရပ်တဲ့ပုံကို ခဲတံနဲ့ဆွဲပြီး ပြည့်စုံမှန်ကန်တဲ့ ပုံအညွှန်း (Label) နဲ့ ပုံခေါင်းစဉ် (Caption) တပ်ပေးဖို့လိုတယ်။ မေးခွန်းထဲမှာပုံပေးထားပြီး Label and Caption မေးခဲ့ရင် အဖြေလွှာစာအုပ်ထဲမှာ ပုံဆွဲစရာမလိုဘဲ နံပါတ်စဉ်အတိုင်း Label မှန်အောင်တပ်ဖို့နဲ့ ပုံရဲ့ခေါင်းစဉ် Caption ကိုရေးပေးဖို့လိုအပ်သလို ထပ်မံပြီးမေးထားတဲ့ မေးခွန်းရှိခဲ့ရင်လည်း ဖြေဆိုဖို့ လိုအပ်တယ်။ ပုံနဲ့အညွှန်း (Label) မျဉ်းဆွဲရာမှာ ခဲတံကိုအသုံးပြုပြီး အညွှန်း(Label) တပ်တဲ့အခါ ဘောလ်ပင်နဲ့တပ်ရင် ပိုကောင်းပါတယ်။ ဒါကြောင့် သင်ခန်းစာတွေကို လေ့လာတဲ့အခါ သရုပ်ဖော်ပုံနဲ့တွဲပြီး လေ့လာဖို့လိုသလို Word diagram နဲ့ Table တွေကိုပါ လေ့လာထားဖို့လိုတယ်။

အခုဆက်လက်ပြီး မေးခွန်းဖြေဆိုတဲ့အခါ ထိရောက်မှုရှိအောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာ အကြံပြုပေးပါ့မယ်။ မေးခွန်းနံပါတ် 1, 2 နဲ့ 3 Objectives မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံး ဆင့်ပွား မေးခွန်းငယ်နံပါတ်တွေကို မှားတပ်တာနဲ့ နံပါတ်ပိုတာ၊ လိုတာမရှိစေဖို့ ဂရုစိုက်ပါ။ နံပါတ်ရေးချပြီးမှ Statements တွေကို သေချာစွာဖတ်ရှုပြီး မိမိအနေနဲ့ သေချာတဲ့အဖြေတွေကို သက်ဆိုင်ရာနံပါတ်ဘေးမှာ ဖြေဆိုပါ။

မေးခွန်းနံပါတ် 4, 5 နဲ့ 6 မေးခွန်းမျိုး ဖြေဆိုတဲ့အခါ မိမိအဖြေနိုင်ဆုံးအပုဒ်ကို စဖြေပါ။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ်တတ်ကျွမ်းတဲ့မေးခွန်းကို ရွေးချယ်ဖြေဆိုပါ။ မေးခွန်းအရွေးမမှားစေဖို့ အထူးသတိပြုကြပါ။

**နိဂုံးချုပ်အနေနဲ့ စာမေးပွဲဖြေတဲ့အခါ –**

- ■ မေးခွန်းမှာ Mention/ Name/ List နဲ့ စထားရင် အမည်များဖော်ပြဖြေဆိုရန်။
- ■ Enumerate နဲ့စရင် အမှတ်စဉ်ထိုးပြီး ဖြေဆိုရန်။
- ■ Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
- ■ What/ How/ Cite/ Give/ State/ Describe/ Discuss/ Explain/ Clarify/ Write နဲ့စထားရင် ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
- ■ Distinguish/ Classify/ Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
- ■ Comparative/ Compare and contrast/ versus နဲ့မေးထားရင် နှိုင်းယှဉ်ဖြေဆိုရန်။
- ■ Give a table/ Tabulate နဲ့စရင် ဇယားဆွဲပြီး ဖြေဆိုရန်။
- ■ Give a word diagram နဲ့စရင် စကားလုံးများကို အညွှန်းမြားတန်းဖြင့် ချိတ်ဆက်ဖော်ပြရန်။
- ■ Draw/ Illustrate/ illustration/ drawing/ diagram နဲ့မေးထားရင် သရုပ်ဖော်ပုံဆွဲပေးရန်။
- ■ Provide Labels and Caption နဲ့စရင် ပုံကိုပြန်ကူးဆွဲစရာမလိုဘဲ အညွှန်းမြားဖြင့် ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တပ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲမေးသည့် မေးခွန်းရှိခဲ့လျှင် မကျန်ရစ်အောင်ဖြေဆိုရန် သတိပြုပါ။
- ■ မေးခွန်းကိုသေချာစွာဖတ်ပါ၊ နားလည်သဘောပေါက်အောင်ဖတ်ပြီးမှ ဖြေဆိုပါ။
- ■ အဖြေလွှာရဲ့ သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကို မှန်အောင်တပ်ပါ။
- ■ အဖြေလွှာပေါ်က ညွှန်ကြားချက်များကို သေချာစွာလိုက်နာပါ။
- ■ ဖြေဆိုမည့်နံပါတ်များကို ဘေးမျဉ်းအတွင်း မှန်အောင်တပ်ပြီးမှ ဖြေဆိုပါ။
- ■ ဖြေဆိုပြီးအဖြေများ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။

ယခုတင်ပြခဲ့တဲ့ အကြံပြုချက်တွေကိုလိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေ ဂုဏ်ထူးမှတ်တွေနဲ့ ထူးထူးချွန်ချွန် အောင်မြင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

**၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာ အောင်မြင်ကြပါစေ။**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၆၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၉၂,၉၃၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၈၆၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၃၃၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



## လှည်းကူးမြို့နယ်၌ ရပ်ကွက်ပေါင်းစုံ အလွတ်တန်း အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

လှည်းကူး ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော ရပ်ကွက်ပေါင်းစုံ အလွတ်တန်း အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လှည်းကူးမြို့နယ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ထို့နောက် ရပ်ကွက်ပေါင်းစုံ အလွတ်တန်း အမျိုးသားဖူဆယ်ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ယှဉ်ပြိုင်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများအား လှည်းကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## နမ့်မော်ခေါက်ဆင့်ကျေးရွာ ကုန်ထုတ်လမ်းနှင့် ရေပေးရေးဖွင့်ပွဲကျင်းပ

**နမ့်စန် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မက်မွန်မုန်းကျေးရွာအုပ်စု နမ့်မော်ခေါက်ဆင့်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းနှင့် ရေပေးရေးဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ကုန်ထုတ်လမ်းပေါ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ရေပေးရေးလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နမ့်စန်တပ်နယ်မှူး ဗိုလ်မှူးချုပ် ကျော်သက်နိုင်၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က နမ့်မော်ခေါက်ဆင့်ကျေးရွာ ကုန်ထုတ်လမ်းနှင့် ရေပေးရေးဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကုန်ထုတ်လမ်းနှင့် ရေပေးရေးလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၄၃ သန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းထောက်ပံ့ငွေကျပ် ၁၀ သန်းတို့ကို အသုံးပြုကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၂၂

## ဘီးလင်းမြို့နယ် အထက(ကဇိုင်း)နှင့် အလက(ဗိုလ်တေဇ)တို့၌ လူငယ်စကားဝိုင်းကျင်းပ

**ဘီးလင်း ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပညာရေးဌာနတို့နှင့် ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ဘီးလင်းမြို့နယ် ကဇိုင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဘီးလင်းမြို့နယ် အထက ကဇိုင်းကျောင်းမှ တာဝန်ခံ ကျောင်းအုပ်ဆရာကြီး ဦးလှမိုးက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ မြို့အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းရွှေက မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အထက ကဇိုင်းကျောင်းမှ ကျောင်းသားကျောင်းသူ လေးဦးတို့က လူငယ်ရေးရာ အကြောင်းအရာများကို ဆွေးနွေး ပြောကြားကြပြီး တက်ရောက် လာကြသော ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုပြောကြားခြင်း၊ ပြန်လည်ဖြေကြားခြင်းတို့ကို စိတ်ပါဝင်စားစွာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## သာစည်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

သာစည် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်း(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက မြို့နယ်ပြည်သူ့အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်အဖြစ် ရွာပုလဲကြီးကျေးရွာအသင်းနှင့် ရွာကြီးကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကြရာ ပွဲချိန်အတွင်း နှစ်ဂိုးစီဖြင့် သရေကျနေသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ယှဉ်ပြိုင်ကြရာ ရွာပုလဲကြီးအသင်းက ငါးဂိုးလေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပထမရရှိသည့် ရွာပုလဲကြီးကျေးရွာအသင်းကို တံခွန်စိုက်ဆုဖလား၊ ဆုကြေးငွေကျပ် ၂၅၀၀၀၀ နှင့် ကစားသမားများအား တစ်ဦးချင်း ရွှေတံဆိပ်လည်ဆွဲဆု၊ ဒုတိယရရှိသည့် ရွာကြီးကျေးရွာအသင်းကို ဆုကြေးငွေကျပ် ၂၀၀၀၀၀ နှင့် ကစားသမားတစ်ဦးချင်းအား ငွေတံဆိပ်လည်ဆွဲဆုများ၊ နေရာအလိုက် အကောင်းဆုံးဆုများဖြစ်သော အကောင်းဆုံးဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးဟိန်းဇာထွန်းနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းမိုးတို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကသာခရိုင်ထွက် မြေထောက်ပဲများ ဈေးကောင်းရပြီး ဈေးကွက်များသို့ တင်ပို့ရောင်းချ



ကသာ ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ စိုက်ပျိုးသည့် ပဲသီးနှံများ အနက် မြေပဲကို အများဆုံးစိုက်ပျိုးပြီး မြေထောက်ပဲမှာ ဒုတိယ အများဆုံး စိုက်ပျိုးသော သီးနှံဖြစ်သည်။ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ခရိုင်အတွင်း မြေထောက်ပဲစိုက်ဧက ၄၀၅၉၁ ဧကရှိပြီး မြေထောက်ပဲသီးနှံကို အောက်တိုဘာလမှ နိုဝင်ဘာလတို့တွင် စိုက်ပျိုးကာ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ တို့တွင် ရိတ်သိမ်းကြောင်း သိရသည်။ ယခုနှစ် မြေထောက်ပဲ စတင်ပေါ်ချိန် ဈေးကောင်းရပြီး ဈေးကွက်များသို့ စတင်တင်ပို့လျက်ရှိကြောင်း သိရသည်။

## ဈေးကွက်ခိုင်မာ

ကသာခရိုင် ရေဝတီမြစ်ဝှမ်း တစ်လျှောက် မြေနုကျွန်းများမှ စိုက်ပျိုးထွက်ရှိသော မြေထောက်ပဲများသည် လူကြိုက်များပြီး ဈေးကွက်ခိုင်မာသော ဒေသထွက်ကုန်ဖြစ်ကြောင်း၊ မြေထောက်ပဲကို အစိုခူးဆွတ်ခြင်းနှင့် အခြောက်ခူးဆွတ်ခြင်းဟု နှစ်မျိုးရှိပြီး မြေထောက်ပဲအစို ခူးဆွတ်၍ အတောင့်လိုက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ နှင့် အဆန်(အစေ့) ထွင်ပြီး နို့ဆီဘူးတစ်ဘူးလျှင် ငွေကျပ် ၅၀၀ ဖြင့်ဈေးကွက်အတွင်း ရောင်းချကြကြောင်း သိရသည်။

မြေထောက်ပဲသီးနှံစိုက်ပျိုးမှုအတွက် တစ်ဧကကုန်ကျစရိတ်မှာ ငွေကျပ် ခြောက်သိန်းခန့်ရှိကြောင်း၊ တစ်ဧက ပျမ်းမျှအထွက်နှုန်း အဆန်(အစေ့) ၁၆ တင်းခန့် ထွက်ရှိကြောင်း၊ လက်ရှိ၌ မြေထောက်ပဲ ပေါက်ဈေးမှာ အထိုင်ဈေး တစ်တင်း ငွေကျပ် ၇၀၀၀၀၊ မန္တလေးဈေး တစ်တင်း ငွေကျပ် ၈၀၀၀၀ ရှိပြီး တစ်ဧကဝင်ငွေ အနေဖြင့် ငွေကျပ် ၁၁၂၀၀၀၀ ခန့် ရရှိပြီး အကျိုးအမြတ် ငွေကျပ် ၅၂၀၀၀၀ ခန့် ရရှိကြောင်း သိရသည်။ ဒေသတွင်း လှောင်လက် အနည်းငယ်သာရှိပြီး မြေထောက်ပဲအားလုံးနီးပါးမှာ အများအားဖြင့် မန္တလေးသို့ တင်ပို့ကြပြီး ဇန်းမော်မှတစ်ဆင့် တရုတ်နယ်စပ်သို့ တင်ပို့မှုရှိကြောင်းနှင့် ယခုလသီးနှံပေါ်စတွင် တင်း ၃၀၀၀ ကျော်ခန့် မန္တလေးဈေးကွက်သို့ နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ကုန်သွယ်မှုကာလတူထက် ပိုမိုဆောင်ရွက်နိုင်



ချင်းရွှေဟော် ဖေဖော်ဝါရီ ၁၃

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ပို့ကုန်တန်ဖိုး ၆ ဒသမ ၂၇၀ အမေရိကန်ဒေါ်လာသန်း နှင့် သွင်းကုန်တန်ဖိုး ၂ ဒသမ ၅၈၈ အမေရိကန်ဒေါ်လာသန်းရှိပြီး ကုန်သွယ်မှုပမာဏ ၈ ဒသမ ၈၅၈ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်ခဲ့သည်။ ယခင်နှစ်ကာလတူ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက် အထိ ကုန်သွယ်မှုမှာ ပို့ကုန် ၃ ဒသမ ၂၆၈ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၉၂၅ အမေရိကန်ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၄ ဒသမ ၁၉၃ အမေရိကန်ဒေါ်လာသန်းဖြစ်၍ ယခင်နှစ်ကာလတူထက် ပို့ကုန် ၃ ဒသမ ၀၀၂ အမေရိကန်ဒေါ်လာသန်း ပိုမိုခဲ့ပြီး သွင်းကုန်တွင် ၁ ဒသမ ၆၆၃ အမေရိကန်ဒေါ်လာသန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် ၄ ဒသမ ၆၆၅ အမေရိကန်ဒေါ်လာသန်း ပိုမိုခဲ့ကြောင်း သိရသည်။

ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ဆန်ကွဲ၊ ပဲလွန်းဖြူ၊ ပဲတီစိမ်း၊ ပဲယဉ်း၊ မြေပဲဆန်၊ ပဲနီကြား၊ နှမ်းနက်၊ နှမ်းဖြူ၊ နံ့စားပြောင်း၊ ချင်း(စို)၊ ရော်ဘာ၊ ဝါတို့တင်ပို့မှုပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် လူသုံးကုန်အုပ်စု လျော့နည်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုအုပ်စုနှင့် လုပ်ငန်းသုံးပစ္စည်းအုပ်စုတို့တွင် ပိုမိုခဲ့ကြောင်း သိရသည်။

# မော်တောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံဘက်သို့ ရခိုင်ငှက်ပျော တင်ပို့

မော်တောင် ဖေဖော်ဝါရီ ၁၃

ရခိုင်ငှက်ပျောကို မော်တောင်မြို့ဒေသဝန်းကျင်တွင် အများအပြား စိုက်ပျိုးကြပြီး ယခုရာသီသည် ရခိုင်ငှက်ပျော လှိုင်လှိုင်ထွက်ရှိသောကာလဖြစ်သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း မော်တောင် ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ရခိုင်ငှက်ပျောတန် ၁၆၀ ဝန်းကျင်ခန့် တင်ပို့ခဲ့သည်။ လက်ရှိပေါက်ဈေးအနေဖြင့် ရခိုင်ငှက်ပျော တစ်ကီလိုဂရမ်လျှင် ခြောက်ဘတ် ဈေးရရှိပြီး တင်ပို့သူများအနေဖြင့် အကောက်ခွန်သက်သာခွင့်အကျိုးခံစားခွင့် (Form-D)ဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၃ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၆၂ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၆ ဒသမ ၁၀ ကျပ်ခန့်ရှိပြီး ယခင်ပတ်နှင့် နှိုင်းယှဉ်ပါက ဘတ်ဈေးအနည်းငယ် ကျဆင်းနေကြောင်း သိရသည်။

# မိတ္ထီလာခရိုင်အတွင်း ကြက်သွန်နီတင်ပို့မှု နည်းသဖြင့် ဈေးအနည်းငယ်ကျ

မန္တလေး ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း ဆောင်းကြက်သွန်နီအသစ်များ ရိတ်သိမ်းမှု မရှိသေးသော်လည်း မိုးကြက်သွန်နီများ နယ်ဝေးတင်ပို့မှုနည်းသဖြင့် ဈေးနှုန်းကျဆင်းလာကြောင်း၊ မိုးကြက်သွန်နီကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် စတင်ရိတ်သိမ်းခဲ့ပြီး ဆောင်းကြက်သွန်နီမှာ ဧပြီလတွင် ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ မိတ္ထီလာဈေးကွက်တွင် ရန်ကုန်နှင့် ပဲခူးသို့ အများဆုံးတင်ပို့ရာ ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း ပဲခူးသို့ တစ်ရက်လျှင် ကုန်ချိန် ၆၀၀၀ ဆံ့ ခြောက်ဘီးယာဉ် တစ်စီး တင်ပို့နိုင်သော်လည်း ရန်ကုန်သို့ တစ်ရက်လျှင် ၁၂ ဘီးယာဉ် တစ်စီးဖြင့် ကုန်ချိန် ပိဿာ ၃၀၀၀ ကို အခြားကုန်များနှင့် ရောနှောတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် နယ်ဝယ်တင်ပို့မှုနည်းသည့်အတွက် ယခင်အပတ် ကြက်သွန်နီ လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ရှိခဲ့ပြီး ယခုပတ် လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ သို့ ဈေးနှုန်း အနည်းငယ်ကျဆင်းလာကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား / ကူးသန်း**

## ၁၃-၂-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ရွှေ (တစ်ကျပ်သား) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၅၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၇၅၀၀၀ |
| ၂ | လားရှိုး | ၂၃၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၃၅၀၀ | ၈၀၀၀ | ၂၈၇၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၇၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၅၃၀၀ | | ၂၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၉၀၀၀ | ၂၈၅၀၀၀၀ |
| ၄ | တောင်ကြီး | ၂၂၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၂၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၇၂၀၀ | ၄၈၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၆၈၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၀၀ | ၇၀၀၀ | ၄၇၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၃၅၀၀၀ |
| ၆ | ဘားအံ | ၂၁၀၀ | | ၁၂၀၀၀ | ၆၉၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၇၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၅၀၀ | | ၁၃၅၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၆၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၈၀၀၀ | ၁၉၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၂၀၀ | ၁၉၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၆၀၀၀၀ |
| ၉ | မြိတ် | ၂၃၀၀ | | ၁၅၀၀၀ | ၆၈၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၅၃၀၀ | ၄၃၀၀ | ၂၇၀၀ | ၈၀၀ | ၆၄၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၉၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၈၅၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၂၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၃၃၀၀ | ၇၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၁၀၀ | | ၁၃၅၀၀ | ၆၄၀၀ | ၁၄၀၀၀ | ၁၈၀၀ | ၅၀၀၀ | ၄၁၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၇၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၄၀၀ | ၂၀၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၆၀၀ | ၇၈၀၀ | ၄၆၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၈၆၀၀၀၀ |
| ၁၃ | ဟားခါး | ၃၅၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၂၈၀၀ | | ၁၂၀၀၀ | ၆၇၀၀ | ၁၉၀၀၀ | ၂၂၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၆၀၀ | ၆၄၀၀ | ၄၅၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၆၉၉၀၀၀ |
| ၁၅ | မန္တလေး | ၂၂၀၀ | ၁၅၀၀ | ၁၂၅၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၉၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၁၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၅၀ | ၆၅၀၀ | ၅၆၀၀ | ၄၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၈၇၀၀၀၀ |
| ၁၇ | မကွေး | ၂၄၅၀ | | ၁၁၀၀၀ | ၆၇၀၀ | ၁၈၀၀၀ | ၁၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၇၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၆၈၀၀ | ၂၅၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၅၀၀၀၀ |
| ၁၉ | ပဲခူး | ၂၃၀၀ | | ၁၃၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၅၅၀၀ | ၅၀၀၀ | | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၉၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၃၅၀ | | ၁၃၅၀၀ | ၆၃၀၀ | ၁၄၀၀၀ | ၁၈၀၀ | ၄၄၀၀ | ၄၂၀၀ | ၄၀၀၀ | ၂၂၀၀ | ၅၀၀ | ၇၀၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၉၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၈၇၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၃၅၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၄၆၀၀ | ၄၄၀၀ | ၄၂၀၀ | ၂၄၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၉၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၈၇၅၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၇၃၀၀ | | ၂၇၀၀ | ၄၀၀၀ | ၅၂၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၈၅၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံနှင့် မန္တလေးတွင် ၅၀ ကျပ်၊ မော်လမြိုင်တွင် ၅၀၀ ကျပ်၊ ထားဝယ်နှင့် ပဲခူးတွင် ၁၀၀ ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် မကွေးတွင် ၁၀၀၀ ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ ထားဝယ်၊ မန္တလေး နှင့် မကွေးတွင် ၁၀၀ ကျပ်၊ မော်လမြိုင်တွင် ၅၀၀ကျပ်၊ ငရုတ်ခြောက်တစ်ပိဿာလျှင် မြစ်ကြီးနားနှင့်ထားဝယ်တွင် ၁၀၀၀ကျပ်၊ ပုသိမ်တွင် ၅၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ)တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ လားရှိုးတွင် ၂၀၀၀ကျပ်၊ ကျိုင်းတုံတွင် ၅၀၀ကျပ်၊ (ကြူကုတ်စ)တစ်ပိဿာလျှင် ပဲခူးတွင် ၅၀၀၀ကျပ်၊ နနွင်းတက် နှင့်ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ်၊ မြေပဲ တစ်ပိဿာလျှင် ထားဝယ်တွင် ၃၀၀ကျပ်၊ ကုလားပဲ တစ်ပိဿာလျှင် ထားဝယ်တွင် ၁၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီတစ်ပိဿာလျှင် ပုသိမ်တွင် ၅၀၀ကျပ်၊ စားအုန်းဆီတစ်ပိဿာလျှင် မြိတ်နှင့်ပဲခူးတွင် ၁၀၀ကျပ်၊ ပုသိမ်နှင့်ကလေးတွင် ၂၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ ထားဝယ်နှင့်မြိတ်တွင် ၂၀၀ကျပ်၊ မုံရွာတွင် ၄၀၀ကျပ်၊ မကွေးတွင် ၇၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၄၀၀ကျပ်၊ နေပြည်တော်တွင် ၂၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ မြေပဲ တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ် ဈေးကျခဲ့ပါသည်။

# အကြံကြီးရမည်

ပီမိုးနင်း

အကြံကြီးမှ ကြီးမြင့်၏။ အကြံသေးလျှင် သေးသိမ်၏။ အကြံကြီးဖို့ရန်အတွက် လွန်စွာဉာဏ်ကြီးဖို့မလို၊ အလုပ်ကြီးအကိုင်ကြီးလုပ်သူတို့သည် ဉာဏ်ထူးသူများမဟုတ်ကြပေ။ အမှတ်သညာများခြင်း၊ မျက်စိနှင့်နားကို ပွင့်စွာထားခြင်း၊ အပေါင်းအသင်းကောင်းခြင်း၊ အကျိုးအပြစ်ကိုဆင်ခြင်၍ အရှည်ကိုမြင်တတ်ခြင်းသာ လိုရင်းဖြစ်၏။

ရွှေကိုသာလျှင် မရှုရ။ ငွေမှာသာ အမြတ်အစွန်း၊ အဖိုးအခဟုမထင်ရ။ တစ်စုံတစ်ရာကိုလုပ်ရာ၌ ငွေထက်အဖိုးတန်သော အကျိုးစီးပွားတွေ များစွာရှိလေသည်။ ဂုဏ်သတင်း၊ အပေါင်းအသင်း၊ ဗဟုသုတ၊ အတွေ့အမြင်၊ ကိုယ်တွေ့ အတတ်၊ အဆက်အသွယ်တို့သည် အဖိုးအခများပင်ဖြစ်ကြလေသည်။ ထိုအချက်ကို မသိမမြင်၊ ငွေဖြူဖြူကလေးကိုသာ မြင်သူတို့သည် ကြီးကျယ်ခြင်းအဖြစ်သို့ ရောက်ဖို့ခက်လေသည်။

အလုပ်တစ်ခုခုကို လုပ်ရာ၌ ငွေထက်အဖိုးထိုက်တန်သော လမ်းအခွင့်တွေကို ရနိုင်လေသည်။ ကိုယ်ပိုင်ဉာဏ်မရှိကလည်း မကြီးပွားနိုင်၊ အကြီးအကျယ်မလုပ်နိုင် မချွန်နိုင်ပေ။ သို့သော်လည်း 'ကိုယ်ပိုင်ဉာဏ်' ဆိုသည်မှာ အထီးကျန် ပေါ်မလာနိုင်။ တစ်စုံတစ်ရာကို မှီ၍ ပေါ်လာရမြဲဖြစ်လေသည်။ မီးခြစ်ကလေးများကို တစ်စုံတစ်ယောက်က ကြံစည်လုပ်ကိုင်ခဲ့၏။ မော်တော်ကားမှ လေယာဉ်ပျံထွက်ပေါ်ရလေသည်။ သို့ဖြစ်လေရာ လက်ရှိအမြဲတွေ့မြင်ရသော အလုပ်အကိုင်များ လုပ်ကိုင်နည်း၊ စနစ်များ ပစ္စည်းများကို ဂရုစိုက်ကြည့်ရှုမှတ်သားကာ ငါအဘယ်ပုံထူးအောင် လုပ်ရမည်ဟူသော အကြံကို ထုတ်ရလေသည်။

အခါများစွာ၌ တစ်စုံတစ်ရာသို့ မြင်သဖြင့်လည်းကောင်း၊ စကားတစ်လုံးကို ကြားရသဖြင့်လည်းကောင်း၊ စာတစ်ပုဒ်ကို ဖတ်ရှုရသဖြင့်လည်းကောင်း၊ Association of Ideas ခေါ် နည်းအတိုင်း အကြံမှတ်၍ထား 'စကင်ပလန်း' ကို စာရေး၍လည်းကောင်း၊ ပုံဆွဲ၍လည်းကောင်း လုပ်ရမည်။ လူတို့၏ခေတ်အလိုက်ကိုလည်းကောင်း၊ အသုံးကိုလည်းကောင်းသိရ၏။

တစ်စုံတစ်ခုကို ကြည့်လျှင် စူးစိုက်စွာဆင်ခြင်စဉ်းစားသော စိတ်နှင့်ကြည့်က အကြံသစ်၊ ဉာဏ်သစ်ကို ရနိုင်၏။ မိမိ၏အစွမ်းကို ယုံကြည်ကာ ဖြစ်မြောက်အောင်မြင်အောင်လုပ်ရဲသော စိတ်ရှိက Initiative ခေါ် စထွင်တတ်သောအစွမ်းကို ရနိုင်လေသည်။ ကိုယ်ပိုင်ဉာဏ်နှင့်စထွင်တတ်သော အစွမ်းရှိမှသာ ကြီးကြီးကျယ်ကျယ် ဖြစ်မြောက်အောင်မြင်နိုင်လေသည်။

အလုပ်ဟူသမျှမှာ တိုးတက်ရန်လည်း အမြဲရှိ၏။ အလုပ်တစ်ခုခုကို လုပ်၍ ဖြစ်ပြီး မပျက်နိုင်သောအခြေကိုရသောအခါ အဘယ်ပုံတစ်ဆင့်တက်ရမည်ကို ရှာကြံရမည်။ အတက်မြန်လွန်းက ဒုက္ခများတတ်၏။ မတက်လျှင်လည်း ဆုတ်တတ်လေသည်။ မဆုတ်နည်း၊ မပျက်နည်း၊ အကောင်းဆုံးမှာတက်ဖို့ရန် အမြဲအားဖြင့် ဆင်ခြင်၍နေခြင်း၊ အချက်အလက်ရှာ၍နေခြင်း ဖြစ်လေသည်။

မဆိုင်သောအလုပ်ကို မချဲ့နှင့်၊ ဆိုင်ရာ အလုပ်တစ်ခုမှာ ခိုင်လုံကြီးထွားသန်မာအားကြီးသောအခါ မချဲ့လျှင် မနေနိုင်အောင် အတက်ဖောက်သလို ထွက်ပေါ်ရမည်ကား ဓမ္မတာပေ။ ထိုသို့ အတက်ထွက်ပေါ်ချင်သည့်အခါ ချိုးဖွဲ့၍ မပစ်ကောင်းပေ။ အတက်တွေ မများလွန်းစေရန် သတိပြုရမည်။

ပျားမွေးရာ၌ ပျားရည်တွေအောင်၍ ပျားကောင်များသည့်အခါ ပျားအုံမှ အတက်ထွက်၏။ ထိုအတက်တစ်ခုလျှင် တစ်အုံပွားဖို့ရန်အတွက် မတစ်ကောင်ဖြစ်လေသည်။ ထိုအခါ မအတက် အဘယ်မျှထွက်သည်ကိုကြည့်ရ၏။ သုံးတက်ထွက်သည့်အခါ 'ငါ၏ ပျားများသည် သုံးအုံခွဲလောက်ရဲ့လား၊ နှစ်အုံသာ တော်မည်လား" ဟု ဆင်ခြင်စဉ်းစားပြီး နှစ်အုံလောက်သာ ခွဲဖို့တော်လျှင် မအတက်တစ်ခုကို ဖျက်ဆီး၍ပစ်ရမည်။ ထို့နောက်မှ အုံခွဲ၍ပေးရလေသည်။

အလုပ်မှာလည်း ထိုနည်းအတိုင်းလုပ်ရန် သတိပြုရလေသည်။

အကြံဉာဏ်ကြီးခြင်းသည် စွဲမြဲခြင်း၊ ဝီရိယရှိခြင်း၊ နိုးကြားခြင်း၊ စွန့်စားခြင်း၊ မိမိကိုယ်ကိုယုံကြည်ခြင်း၊ လျင်မြန်စွာဆုံးဖြတ်တတ်ခြင်း ဤအစွမ်းတို့၏ ပေါင်းစုခြင်းတို့မှ ထွက်ပေါ်လာလေသည်။

ထိုသတ္တိများကြောင့် သာမန်လူတို့သည် သာမန်အခြေအနေမှ အထွတ်အထိပ်သို့ ရောက်ကြလေသည်။

ကြီးမြင့်လိုသူတို့ အောက်ပါအချက်များကို မိမိတို့၏သဏ္ဌာန်၌ စစ်ဆေးရှာဖွေရမည်။

(က) ကြံသောအကြံသည် အများလိုလားသောအကြံဖြစ်လေသလား။
(ခ) အောင်မြင်ဖို့လမ်း အဘယ်လောက်များသည်နည်း။
(ဂ) ငါ့မှာ ထိုအလုပ်အတွက် အခြေခံစုံလင်ပါ၏လား။
(ဃ) ငါ့အတွက် အဘယ်မျှအကျိုးရှိမည်နည်း။
(င) စ၍လုပ်ရန် အကောင်းဆုံးသောလမ်းများကား အဘယ်နည်း။
(စ) ငါ့အတွက် ဤအကြံထက်ကောင်းသောအကြံ ယခုအခါရှိသေးရဲ့လား။
(ဆ) အနှောင့်အယှက်အဖျက်အဆီးဘေးအန္တရာယ် အဘယ်လောက်များသနည်း။

ဤမေးခွန်းများကို မေးရမည်။

ထိုကဲ့သို့ စစ်ဆေးပြီးသောအခါ၌ လုပ်သင့်၊ မလုပ်သင့်ဆုံးဖြတ်ရန် လွယ်ကူလိမ့်မည်။

ကြံစည်ရာ၌ ပုံစံ(Plan)ကို စက္ကူ၌ ရေးချ၍ ကြံရမည်။

မလုပ်လျှင်မဖြစ် လုပ်ရမည့်အလုပ်ဖြစ်မှု နိုင်မှနိုင်ပါ့မလားဟု တွေး၍နေဖို့ မလို၊ ချက်ချင်းထလုပ်ရမည်။ တစ်စုံတစ်ရာကို လုပ်ကြည့်မှ အစွမ်းသတ္တိတွေ ထွက်ပေါ်လျက် မခက်ကြောင်းကို တွေ့ရှိရတတ်လေသည်။

အောက်ပါစကားများကို ညဉ့်အိပ်ရာဝင်သည့်အခါ၌ဖြစ်စေ၊ အားလပ်သည့်အခါ၌ဖြစ်စေ စူးစိုက်ယုံကြည်စွာ စိတ်ပါပါ၊ မိမိကိုယ်တိုင်ကြားအောင်ရွတ်ဆိုပါ။

ငါသည် တန်ခိုးဖြစ်၏။
ငါလုပ်လျှင် ဘာမဆိုဖြစ်သည်။
ငါသည် အောင်မြင်ခြင်းဖြစ်၏။
အောင်မြင်ခြင်းသည် ငါ့အဖို့ဖြစ်၏။
ဓာတ်ကြီး၏ အစိတ်အပိုင်းဖြစ်၏။
ငါ၏အစွမ်းသတ္တိသည် အဆုံးမရှိနိုင်။ ။

(ကြီးပွားရေးလမ်းညွှန်မှ)

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

### အိပ်မက်ကြီးကြီးမက်ပါ

"ငါ့ရဲ့ရှေ့မှာ အဆုံးအစမဲ့ဖြစ်နိုင်ခြေတွေ ရှိနေတယ်။ ငါ့ရဲ့ပတ်လည်မှာ မရေတွက်နိုင်တဲ့ အခွင့်အရေးတွေရှိနေတယ်။ ငါ ဘာကိုမှမကြောက်ဘူး။ အိပ်မက်ကြီးကြီးမက်မယ်။"

**အမေရိကန်စိတ်ပညာရှင်**
**ပါမောက္ခဝီလျှမ်ဂျိမ်းစ်(၁၈၄၂–၁၉၁၀)**

ဘဝတွင်အောင်မြင်မှုရရှိရန်အတွက် အစဦးဆုံးအချိန်၌ အိပ်မက်မက်ရမည်ဟု အောင်မြင်ကျော်ကြားသူများစွာက လမ်းညွှန်ထားသည်။ ထိုသို့အိပ်မက်မက်ရာတွင် မည်သို့သောအတိုင်းအတာအထိ မိမိက အောင်မြင်မှုရလိုကြောင်း မိမိကသာ ကနဦးအိပ်မက်မက်နေရန်တိုက်တွန်းထားခြင်းဖြစ်သည်။

"မအောင်မြင်ခင် အောင်မြင်မှုကို သိမ်းသွင်းတတ်ရန်လိုသည်။ အောင်မြင်မှုကို သင်မည်သို့သိမ်းသွင်းမည်နည်း။ စိတ်ကူးယဉ်အိပ်မက်ခြင်းဖြင့် သိမ်းသွင်းပေမည်" ဟု ဗြိတိန်နှင့် အိန္ဒိယစာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ (M.S.Reddy) ကလည်း ရေးသားဖူးသည်။ အောင်မြင်မှုရရှိရန်အတွက် စိတ်ကူးယဉ်အိပ်မက်မက်ပြီး အောင်မြင်မှုရရှိရေးဟူသည်ကို သိမ်းသွင်းရမည်ဖြစ်ကာ တပ်မက်နေရမည်လည်းဖြစ်ကြောင်း တိုက်တွန်းထားခြင်းဖြစ်ပေသည်။

ထို့ကြောင့် အောင်မြင်မှုဟူသည့် ပန်းတိုင်သို့ရောက်ကိုရောက်ရမည်ဟူသည့် စိတ်စွမ်းအားကို နှိုးဆွပေးနိုင်ရမည်လည်းဖြစ်သည်။

"ငါတို့မှာ ငုပ်လျှိုးနေတဲ့ စွမ်းအားပုန်းတွေ အများကြီးရှိပါတယ်။ လူတိုင်းလူတိုင်းမှာပါ။ ကလေးတွေမှာလည်း ရှိကြတာပေါ့။ ဒါကိုသိရမယ်။ သုံးရမယ်။ ယုံကြည်မှုစွမ်းအားက အခြေခံအကျဆုံးပါပဲ" ဟူ၍ 




အမေရိကန်စိတ်ပညာရှင် ပါမောက္ခဝီလျှမ်ဂျိမ်းစ်ကလည်းရေးသားဖူးသည်။ ငုပ်လျှိုးနေသည့်စွမ်းအားပုန်းများက လူတိုင်း၌များစွာရှိနေသည်ဖြစ်ရာ အဆိုပါစွမ်းအားများကို သိရှိပြီး အသုံးချရမည်လည်းဖြစ်သည်။ ထိုသို့အသုံးချနိုင်မှုတို့ဖြင့် မိမိကိုယ်ကို ယုံကြည်မှုရရှိလာမည်ဖြစ်ပြီး ထိုယုံကြည်မှုစွမ်းအားများကပင် အောင်မြင်ကြီးပွားချမ်းသာရေးတို့အတွက် အဓိကတွန်းအားဖြစ်လာပေမည်။

ထို့ကြောင့် အောင်မြင်မှုရရှိရေးအတွက် ကနဦးအိပ်မက်မက်ရန်လိုသည်ဟုဆိုရာတွင် စိတ်ကူးယဉ်အိပ်မက်မက်ခြင်းအားဖြင့် မိမိဘဝကို ဦးစွာ စိတ်ကူးဖြင့် ပုံဖော်တည်ဆောက်နိုင်ရမည်ဖြစ်သည်။

သို့ဖြစ်၍ စိတ်ကူးအိပ်မက်များက ဦးစွာပထမဖြစ်တည်လာပြီး ဆက်လက်အကောင်အထည်ဖော်ရာတွင် ခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် စွဲမြဲစွာကြိုးစားအားထုတ်ရန်လိုသည်။ ဘဝတွင် အောင်မြင်ကျော်ကြားသူများ ကမ္ဘာကျော်အောင်မြင်ကြီးပွားချမ်းသာကြသည့် ပုဂ္ဂိုလ်ကြီးများသည် ငယ်စဉ်အရွယ်က အိပ်မက်များစွာအား ကြီးကြီးမားမား မက်ကြပြီး ထိုအိပ်မက်ကြီးများကို ကြိုးစားအကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် အောင်မြင်ကြီးပွားချမ်းသာလာကြသူများဖြစ်သည်။

ထို့ကြောင့် ယနေ့မျိုးဆက်သစ်လူငယ်၊ လူရွယ်များနှင့် အောင်မြင်ကြီးပွားချမ်းသာလိုသူတိုင်းသည် အိပ်မက်ကို ကြီးကြီးမက်ပြီး အောင်မြင်မှုဘဝကို ရရှိရန် ဦးစွာနမူနာပုံဖော်ကြရမည်။

ယင်းစိတ်ကူးယဉ်အိပ်မက်ကို မိမိနားလည်သည့်ပုံစံဖြင့် ရေးမှတ်ထားပြီး ရေးမှတ်ထားသည့် စိတ်ကူးကို သိမ်းသွင်းနိုင်ရန်အတွက် မိမိမြင်သာသောနေရာတွင် ထားရှိရန်လိုပြီး ထိုစိတ်ကူးယဉ်အိပ်မက်ကို တပ်မက်မှုရှိရှိဖြင့် နေ့စဉ်ကြည့်ရှုကာ စိတ်ကူးအတွေးတွင် ရှူးသွပ်နေရမည်လည်းဖြစ်သည်။

အောင်မြင်မှုဟူသည့် ပန်းတိုင်သို့ရောက်ရှိစေရန် စိတ်ကူးယဉ်အိပ်မက်မှတစ်ဆင့် ကြိုးစားယူရမည့် လမ်းပြမြေပုံကို တည်ဆောက်ပြီး ယင်းအောင်မြင်မှုလမ်းပြမြေပုံအတိုင်း တစ်ဆင့်ချင်းကြိုးစားတက်လှမ်းရမည်။ အောင်မြင်မှုပန်းတိုင်ကို အရောက်သွားနိုင်ရေးကျားကုတ်ကျားခဲ ကြိုးစားရန်းကန်နိုင်ခြင်းက အခရာကျပေသည်။

ထို့ကြောင့် မိမိ၏လက်တစ်ကမ်းတွင် ရှိနေသည့် အောင်မြင်မှုကို စနစ်တကျဖြင့် ဆွတ်ခူးရရှိနိုင်ရန် စိတ်ရှည်၊ သည်းခံ၊ အနစ်နာခံနိုင်ရမည်။ စွန့်လွှတ်စွန့်စားမှုမျိုးလည်း ရှိကောင်းရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေ ရည်မှန်းချက်ထားကြိုးစားနေရသည်ဖြစ်၍ တွေ့ကြုံရသည့် အခက်အခဲမှန်သမျှကို ကြံ့ကြံ့ခံလျက် ရဲရဲရင်ဆိုင်ဖြတ်သန်းကာ အောင်မြင်မှု၊ ကြီးပွားချမ်းသာမှုရရှိရေးဟူသည့်အတွေးတို့ကို တိုက်တွန်းနှိုးဆွပြီး အားထည့်ရုန်းကန်ရမည်လည်းဖြစ်သည်။

"ငါ့ရဲ့ရှေ့မှာ အဆုံးအစမဲ့ဖြစ်နိုင်ခြေတွေရှိနေတယ်။ ငါ့ရဲ့ပတ်လည်မှာ မရေတွက်နိုင်တဲ့အခွင့်အရေးတွေရှိနေတယ်။ ငါ ဘာကိုမှမကြောက်ဘူး။ အိပ်မက်ကြီးကြီးမက်မယ်"ဟူ၍ အမေရိကန် စိတ်ပညာရှင် ပါမောက္ခ ဝီလျှမ်ဂျိမ်းစ်က အတိအလင်းရေးသားဖော်ပြထားပေရာ အဆုံးအစမဲ့ဖြစ်နိုင်ခြေများစွာကို အကောင်းဆုံးအသုံးချပြီး အမြင့်မားဆုံးအနာဂတ်မျှော်လင့်ချက်အတွက် အိပ်မက်ကြီးကြီးမက်ရန် တိုက်တွန်းထားခြင်းလည်းဖြစ်သည်။

သို့ဖြစ်၍ ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာလိုကြသော လူငယ်လူရွယ်တို့နှင့် လူတိုင်းလူတိုင်းက ကြီးပွားချမ်းသာနည်းဗျူဟာ၏ နည်းနာများကို လိုက်နာကျင့်ဆောင်ကြခြင်းအားဖြင့် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိလာမည် ဖြစ်ပေတော့သည်။ ။

# မျိုးချစ်စိတ်ရှိသူဖြစ်ချင်သလား

မောင်ထူးချွန်

မျိုးချစ်စိတ်ရှိကြပါသလားဆိုရင် ရှိကြပါတယ်လို့ဖြေကြမှာပါပဲ။

တကယ်ကိုမျိုးချစ်စိတ်ရှိသူဟာ သူ့ရဲ့အသွေးအသားထဲမှာကိုက မျိုးချစ်စိတ်က ကိန်းအောင်းနေတာဖြစ်တယ်။ ဝန်းကျင်ကိုလည်း အမျိုးကို ချစ်တတ်အောင် နည်းပေးလမ်းပြလုပ်ဆောင်နိုင်တယ်။ ငယ်တယ်၊ ကြီးတယ်မဟုတ်ပါဘူး။ ဗီဇကငယ်ကတည်းက ပါလာပြီးသားလေ။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားလေးစားပြီး မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကြီးထွားလာအောင် လမ်းပြကောင်းသူ၊ လမ်းညွှန်မှုကောင်းသူကို တစ်နည်းအားဖြင့် မျိုးချစ်ခေါင်းဆောင်လို့လည်း သတ်မှတ်ကြပြန်တယ်။ ခေါင်းဆောင်ဆိုရာမှာတော့ အမျိုးမျိုးရှိကြတာပါပဲ။ ဒီနေရာမှာတော့ လမ်းမှန်ကို ရောက်အောင် ညွှန်ပြသူ၊ လမ်းမှန်ကို ဦးဆောင်တဲ့သူဟာ ခေါင်းဆောင်သူပဲပေါ့။

“ခေါင်းဆောင်ဆိုသည်မှာ လမ်းကိုသိသူတစ်ဦးဖြစ်၏။ သူက ထိုလမ်းအတိုင်း လျှောက်လည်းလျှောက်၏။ လက်အောက်ငယ်သား အသင်းဝင်များ မြင်လောက်အောင် လမ်းညွှန်ပြသူလည်းဖြစ်၏။ ထိုသူသည် ခေါင်းဆောင်ဖြစ်၏။”ဟု အမေရိကန်စာရေးဆရာ ဂျွန်စီမက်စ်ဝဲလ် (John C.Maxwell) က ရေးသားခဲ့ဖူးကြောင်း မှတ်သားဖူးပါတယ်။ မြန်မာနိုင်ငံအနေနဲ့တော့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ကြီးထွားလာအောင် လမ်းညွှန်ပေးသူ၊ လမ်းပြဦးဆောင်မှုပေးခဲ့သူဟာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပဲပေါ့။ အိမ်နီးချင်းနိုင်ငံတွေထဲကဆိုရင် အိန္ဒိယနိုင်ငံအနေနဲ့ မဟတ္တမဂန္ဒီ၊ တရုတ်နိုင်ငံအနေနဲ့ မော်စီတုံးတို့ပဲဆိုပါတော့။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမယ့် မောင်အောင်ဆန်းက မောင်တို့ မယ်တို့လို အခြေခံပညာကျောင်းသားအရွယ်လောက်မှာ ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းမှာ တက်ရောက်ပညာသင်ယူနေတဲ့ ကျောင်းသားလေးပဲပေါ့။ မောင်အောင်ဆန်းရဲ့ ကြိုးစားအားထုတ်မှုကြောင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်မြင်ခဲ့တယ်။ ဆယ်ကျော်သက်အရွယ်မှာကတည်းက မောင်အောင်ဆန်းဟာ ပြင်ပစာပေတွေကို များများဖတ်ရှုတယ်။ ပြင်ပစာပေတွေကို များစွာဖတ်ရှု၊ မှတ်သား၊ လေ့လာတွေးတောသုံးသပ်၊ ဆင်ခြင်နိုင်တဲ့သူဟာ ကျောင်းစာမှာလည်း တော်တာပါပဲလို့မှတ်ချက်ပြုရမှာပဲကွယ့်။

မြန်မာနိုင်ငံမှာ မျိုးချစ်စိတ်ဓာတ်ရှင်သန်ကြီးထွားလာအောင် ဦးဆောင်လမ်းပြသူ၊ လမ်းညွှန်မှုပေးခဲ့သူအဖြစ် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းကို ပြည်တွင်းပြည်ပကသာမက တစ်ကမ္ဘာလုံးကပါ သတ်မှတ်ကမ္ပည်းတပ်ခဲ့ကြတယ်။

မြန်မာနိုင်ငံရဲ့လွတ်လပ်ရေး ဖခင်ကြီး၊ ပြည်ထောင်စုဗိသုကာကြီးအဖြစ် သမိုင်းမှတ်တမ်းဝင်ခဲ့သူပေါ့ကွယ်။



မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရရှိအောင်ကြံဆောင်ခဲ့ရာမှာအဓိကကျတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့တယ်ကွယ့်။

“တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်း တို့ကတခြားအကွဲကွဲအပြားပြားလုပ်နေကြရင်ဖြင့် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်တယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်....”

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပြည်ထောင်စုပုံစံနဲ့ လွတ်လပ်သော မြန်မာနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေမယ့် သမိုင်းဝင်ပင်လုံညီညွတ်ရေးစာချုပ်ကြီးကို လက်မှတ်ရေးထိုးကြမယ့်နေ့အကြို ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညစာစားပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့တဲ့ သမိုင်းဝင်မိန့်ခွန်းထဲကစကားပါပဲ။

ပင်လုံမြို့မှာ တိုင်းရင်းသားခေါင်းဆောင်တွေကို ရိုးသားမှုအခြေခံနဲ့ ဗိုလ်ချုပ်အောင်ဆန်းက ရှင်းလင်းပြောကြားခဲ့တာကို တိုင်းရင်းသားခေါင်းဆောင်တွေက သဘောတူလက်ခံခဲ့ကြတယ်။ ဒါကြောင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတိတိအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ စားပွဲကြီးပေါ်မှာ အသင့်တင်ထားတဲ့ “ပင်လုံစာချုပ်ကြီး”ရှိရာသို့ သွက်သွက်လက်လက်လျှောက်သွားပြီး “ပတ်ကားအမျိုးအစား ဖောင်တိန်အဟောင်း”ကို ထုတ်ယူကာ မြန်မာပြည်မကိုယ်စားလှယ် ခေါင်းဆောင်အဖြစ် ထိပ်ဆုံးမှလက်မှတ်ရေးထိုးလိုက်တဲ့နောက် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် ၂၂ ဦးတို့ရဲ့အစီအစဉ်အတိုင်း လက်မှတ်ရေးထိုးလိုက်ကြတဲ့အကြောင်း သမိုင်းမှတ်တမ်းဝင်ခဲ့တာပေါ့။

တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်ခေါင်းဆောင်တွေဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ခေါင်းဆောင်မှုကို လက်ခံကာ ပြည်ထောင်စုပုံစံနဲ့ လွတ်လပ်တဲ့သမ္မတနိုင်ငံတော်သစ်ကို တည်ထောင်ပေးခဲ့ကြလို့ ဒီနှစ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဆိုရင် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကိုပင် ရောက်ရှိနေပြီလေ။ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖို့ရာ မောင်တို့ မယ်တို့ လူငယ်လူရွယ်မျိုးဆက်သစ်တွေ အပါအဝင် တိုင်းရင်းသားသွေးချင်းအားလုံးက စည်းလုံးညီညွတ်စွာနဲ့ တွဲလက်ခိုင်ခိုင်မြဲကြရမယ်ကွယ့်။

ဒါကြောင့် ပြည်ထောင်စုကြီးကို တည်ထောင်မှုပြုပေးခဲ့ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားမျိုးနွယ်စုကိုယ်စားလှယ်ခေါင်းဆောင်တွေဟာ မျိုးချစ်စိတ်ရှိအောင် ဦးဆောင်လမ်းပြသူ၊ လမ်းညွှန်မှုပေးခဲ့သူများအဖြစ် မွန်မြတ်တဲ့သမိုင်းကောင်းအမွေများ ချန်ထားပေးခဲ့ကြတယ်။ ဒီလိုကောင်းမြတ်တဲ့အမွေကို တည်တံ့ခိုင်မြဲဖို့ မောင်တို့ မယ်တို့ မျိုးဆက်သစ်လူငယ်လူရွယ်တွေက လက်ဆင့်ကမ်းတာဝန်ယူကြရပေမပေါ့။

အဲဒီလ၊ အဲဒီအချိန် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ (၃၂) နှစ်တင်းတင်းပြည့်တဲ့ မွေးနေ့ဖြစ်နေပေမယ့် ကိုယ်ရေးကိုယ်တာကိုအလေးမပေးဘဲ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့အရေးကို ဦးစားပေးသူ၊ မျိုးချစ်စိတ်ရှိတဲ့ ဦးဆောင်သူ၊ ခေါင်းဆောင်ကောင်းတို့ရဲ့စွမ်းရည်နဲ့ပြည့်ဝတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သမိုင်းဝင်သက်သေတစ်ခုပဲပေါ့ကွယ်။ အသက်အရွယ် (၃၂) နှစ်သာရှိသေးပေမယ့် အမြော်အမြင်ကြီးမားမှု၊ မျိုးချစ်စိတ်ထက်သန်မှု၊ အများယုံကြည်လေးစားမှု၊ ရိုးသားဖြူစင်မှု၊ ကိုယ်ကျိုးမဖက် အနစ်နာခံတတ်မှု၊ ရည်မှန်းချက်ထား ဖြောင့်ဖြောင့်သွားကာ မဆုတ်မနစ်ကြိုးစားအားထုတ်မှုတို့နဲ့ ပြည့်စုံတဲ့အတွက် မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ကာ တိုင်းရင်းသားအားလုံးပါဝင်တဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်တဲ့အထိ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင်မြင်ခဲ့တာဖြစ်တယ်။

မောင်တို့ မယ်တို့ မျိုးဆက်သစ်လူငယ်လူရွယ်တွေမှာ ပွင့်လန်းလာမယ့်အခွင့်အလမ်းတွေ အများကြီးရှိနေတာပါပဲ။ ရိုးသားစွာကြိုးစားပြီး ပြည်တွင်းပြည်ပက စံနမူနာထားပုဂ္ဂိုလ်ကြီးတွေကို အားကျအတုယူကာ ကျင့်ကြံအားထုတ်ကြမယ်ဆိုရင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ကြီးထွားအောင် လမ်းညွှန်နိုင်သူ၊ လမ်းပြဦးဆောင်နိုင်သူဖြစ်လာကာ မျိုးချစ်စိတ်ရှိသူအဖြစ် သမိုင်းသက်သေပြနိုင်မှာ အသေအချာပဲပေါ့ကွယ်။ ။

# ဦးနှောက်စွမ်းအား

အောင်မြတ်စည်သူ

ဘော်ဘီဖစ်ရှ်ရှာသည် ဘော်ရစ်စပတ်စကီးနှင့် ကမ္ဘာ့ချန်ပီယံ စစ်တုရင်ပြိုင်ပွဲကစားရန် ပြင်ဆင်စဉ်ကာလ၌ နေ့စဉ် ရေအောက်တွင် ခေါက်တုံ့ခေါက်ပြန် ရေကူးခြင်းဖြင့် ပြင်ဆင်ခဲ့သည်။

စစ်တုရင်ကစားပွဲများသည် အချိန်လင့်သည်အထိ ကြာမြင့်တတ်ပြီး ဦးနှောက်သို့ အောက်ဆီဂျင်အရောက်ဆုံး ကစားသမားသာလျှင် စိတ်ပိုင်းဆိုင်ရာ အသာစီးမှုရရှိမည်ဟု သူသိခဲ့သည်။

ထို့ကြောင့် သူသည် သူ၏အဆုတ်များကို အားဖြည့်တည်ဆောက်ခြင်းဖြင့် စစ်တုရင်ပွဲကို တည်ဆောက်ခဲ့သည်။

စပတ်စကီးကို သူအနိုင်ရရှိသောအခါတွင် သူ၏ အံ့ဖွယ်ရာ ဇဝနဉာဏ်ထက်သန်နေမှုနှင့် စိတ်ဓာတ်ကြံ့ခိုင်နေမှုကို လူများစွာအံ့သြခဲ့ကြသည်။ အထူးသဖြင့် ကစားသမားနှစ်ဦးစလုံး လက်ပန်းကျနွမ်းနယ်နေရမည့် နောက်ပိုင်းပွဲစဉ်များတွင် သူ ဒေါင်ဒေါင်မြည်ကြံ့ခိုင်နေခဲ့ပုံကို အံ့သြမိခဲ့ကြသည်။

ဘော်ဘီဖစ်ရှ်ရှာကို နိုးကြားတက်ကြွနေစေခဲ့သောအရာမှာ ကဖင်း၊ အင်ဖီတာမိုင်ဆေးဝါးများ မဟုတ်ခဲ့ချေ။ ထွက်သက်ဝင်သက် ရှူရှိုက်မှုသာဖြစ်ခဲ့သည်။

ဗိုလ်ချုပ်ကြီး ဂျော့ချ်ပက်တွန်သည် သူ့စစ်သည်များကို ဦးနှောက်စွမ်းအားအကြောင်း တစ်ကြိမ်တစ်ခါက ပို့ချခဲ့သည်။

သူသည်လည်း ရှူရှိုက်မှုပြုခြင်းနှင့် စဉ်းစားတွေးတောခြင်းဆက်စပ်ပုံကို သိနားလည်ခဲ့သည်။

“ငြိမ်းချမ်းတဲ့ကာလမှာလိုပဲ စစ်ဖြစ်နေတဲ့ကာလမှာလည်း လူတစ်ယောက်ဟာ ရနိုင်သမျှ ဦးနှောက်ရှိဖို့လိုအပ်တယ်။ ဘယ်သူမှ ဦးနှောက်များသွားတယ်လို့ မရှိခဲ့ဘူး။ လူဦးနှောက်တွေက အောက်ဆီဂျင်က လာတယ်။ အောက်ဆီဂျင်ဟာ ငါတို့ အသက်ရှူရင် လေရောက်ရှိသွားရာ အဆုတ်က လာတယ်။ လေထဲက အောက်ဆီဂျင်က သွေးထဲကို ဝင်သွားပြီး ဦးနှောက်ဆီကို ခရီးသွားတယ်။ ဘယ်သူမဆို သူ့အဆုတ်ကို အရွယ်နှစ်ဆဖြစ်အောင် လုပ်နိုင်တယ်” ဟု ပက်တွန်က ပြောခဲ့သည်။

ပက်တွန်သည် သူ့စစ်သည်များအား ရှူရှိုက်မှုပြုနည်းကို ပြင်းပြင်းထန်ထန် သင်ပေးလေ့ရှိကြောင်း ပေါ်တာဝီလျံဆမ်ထံမှ သိခဲ့ရသည်။

ကျွန်တော်သည် မစ္စတာဝီလျံ၏ စိတ်အာရုံကို ဖမ်းစားနိုင်ခဲ့သော နိုင်ငံရေးရေဒီယိုနှင့် ရုပ်မြင်သံကြားကြော်ငြာတစ်ခုကို တစ်ခါက ရေးသားခဲ့သည်။ သို့ဖြင့် တစ်နေ့တွင် သူသည် ကျွန်တော့်ထံသို့ ဖုန်းဆက်ပြီး နေ့လယ်စာစားရန် ဖိတ်ကြားခဲ့သည်။

သူက သူသည် Patton's Principles စာအုပ်စာရေးဆရာဖြစ်ပါသည်ဟု ဖွင့်ဆိုခဲ့သောကြောင့် သူ၏ဖိတ်ကြားချက်ကို ကျွန်တော် ထက်ထက်သန်သန်လက်ခံခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော်သည် ထိုစာအုပ်ကို ထိုကာလထက် ရက်သတ္တပတ် အနည်းငယ်ကသာ ဖတ်ရှုခဲ့မိသည်။

ဝီလျံဆမ်သည် ပက်တွန်၏ စိတ်အချရဆုံး တရားရေးအကြံပေးအဖြစ် တပ်မတော်တွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

ဝီလျံဆမ်သည် ပက်တွန်နှင့် အမှုထမ်းခဲ့ရသော အတွေ့အကြုံဇာတ်လမ်းပေါင်းများစွာ ပြောကြားခဲ့ပြီး ဗိုလ်ချုပ်သည် မည်မျှစိတ်လှုံ့ဆော်စွမ်းရှိကြောင်း ထောက်ပြခဲ့သည်။ ဤစာအုပ်တွင် ဝီလျံဆမ်အမှုထမ်းစဉ်က ကိုယ်တွေ့အတွေ့အကြုံများ ပြန်ပြောင်းအမှတ်ရချက်များကို ထည့်သွင်းထားသည်။

ဝီလျံဆမ်သည် သူကိုယ်တိုင် အရိုးကင်ဆာကြောင့် ခြေတစ်ဖက် ဆုံးရှုံးခဲ့ပုံနှင့် ဆရာဝန်များက သူသေဆုံးမည်ဖြစ်ကြောင်း၊ နှစ်ကြိမ်နှစ်ခါပင် မှားယွင်းစွာကောက်ချက်ချခဲ့ပုံအကြောင်း ကျွန်တော့်ကိုပြောပြခဲ့သည်။ သူ၏အတွင်းအားသည် ပက်တွန်နှင့် အမှုထမ်းစဉ်ကာလက ရရှိခဲ့သော စိတ်ဓာတ်ရေးရာ ထက်သန်တက်ကြွမှု အခြေအမြစ်ခံလေ့ရှိကြောင်း သူက ပြောကြားခဲ့သည်။

“မကြာမကြာပါပဲ။ ဗိုလ်ချုပ်ကြီးပက်တွန်က ကျွန်တော့်စားပွဲနားကို ရောက်လာတတ်ပြီး ကျွန်တော့်ကို ဟောက်လေ့ရှိတယ်။ မင်း စားပွဲမှာ ထိုင်ပြီး ဘာလုပ်နေတာလဲ။ ထ...အခန်းထဲက ထွက်၊ ဆုံလည်ကုလားထိုင်တစ်လုံးမှာ မိနစ် ၂၀ ထက်ပိုထိုင်ရင် မင်းရဲ့ဦးနှောက်က အလုပ်မလုပ်တော့ဘူး။ သွေးသားတွေ နေရာမှန် လည်ပတ်ရောက်ရှိအောင် ခန္ဓာကိုယ်ကို မပြတ်မလှုပ်ရှားနေ။

အဲဒါ ဦးနှောက်အတွက် ကောင်းတယ်။ အဲဒီကုလားထိုင်မှာ မင်းကြာကြာထိုင်ရင် မင်းရဲ့ဦးနှောက်စွမ်းအားတွေအားလုံး မင်းရဲ့ဖိနပ်ထဲကို ရောက်သွားလိမ့်မယ်။ ခန္ဓာကိုယ်မလှုပ်ရှားဘဲ စိတ်ကို တက်ကြွနိုးကြားနေအောင် လုပ်လို့မရဘူး”

ထိုတစ်ခုတည်းသော နိယာမ၊ မလှုပ်ရှားသော ခန္ဓာကိုယ်တွင် နိုးကြားတက်ကြွသောစိတ် မတည်နိုင်ဟူသော နိယာမသည် ကမ္ဘာ့စစ်တုရင် ချန်ပီယံဆုကို ဘော်ဘီဖစ်ရှ်ရှာ ဆွတ်ခူးရစေနိုင်ခဲ့သော လျှို့ဝှက်လက်နက်ဖြစ်ခဲ့သည်။ ရေအောက်တွင် ရေကူးခြင်းက သင့်ကို ပိုကောင်းသော စစ်တုရင်ကစားသမားဖြစ်စေမည်ဟု မည်သူက ထင်ပါမည်နည်း။ ဝဖီးပြီး လက်ရည်ကျနေပြီဖြစ်သော “ပါရမီရှင်” ဘော်ရစ်စပတ်စကီးက မထင်ခဲ့သည်မှာ အမှန်ပင်။

တစ်ခါတစ်ရံတွင် သင်လိုသမျှသည် သင့်ကို စိတ်ဓာတ်နိုးကြားစေရန်အတွက်သာလျှင် လိုအပ်တတ်သည်။ ပြေးခြင်း သို့မဟုတ် လမ်းလျှောက်ခြင်း သို့မဟုတ် အသက်ပြင်းပြင်း ရှူရှိုက်ပြုခြင်းမျှသည် ဦးနှောက်အား လတ်ဆတ်သော ဖန်တီးမှုစွမ်းရည်၊ ကြွယ်ဝသော အကြံဉာဏ်များထုတ်အောင် ဖြန့်ပေးသောလောင်စာပင်ဖြစ်ပေသည်။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## “သူနာပြု–သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း”

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အောက်ရှိ သူနာပြု/သားဖွား/ နီးနွှယ်သင်တန်းကျောင်းများတွင် ၂၀၂၃ ပညာသင်နှစ် သူနာပြု–သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ဒုတိယအသုတ် ဖွင့်လှစ်မည်ဖြစ်သည့်အတွက် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ **( မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၃) ဘာသာ ရမှတ်ပေါင်းကို မူတည်၍ ရွေးချယ်မည် ဖြစ်ပါသည်။)**

၂။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူ ဖြစ်ရမည်။
**(၂၀၂၂ ခုနှစ်၊ မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ဖြေဆိုအောင်မြင်သူများ လျှောက်ထားခြင်း မပြုရ။)**

(ဂ) လျှောက်လွှာပိတ်သည့် (၈ – ၃ –၂၀၂၃ ) ရက်နေ့တွင် အသက်(၂၅) နှစ်ထက် မကြီးရ။
**(တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါမွေးနေ့သက္ကရာဇ်အတိုင်း သာအတည်ပြုမည်)**

(ဃ) ပြစ်မှုကင်းရှင်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(င) အိမ်ထောင်မရှိသူ (အပျို / လူပျို) ဖြစ်ရမည်။

(စ) အနည်းဆုံးအရပ်(၅)ပေ ရှိရမည်။

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဈ) သင်တန်းတက်ရောက်စဉ် ပညာသင်ထောက်ပံ့ကြေး ( ၁ )လလျှင် ကျပ်( ၃၀၀၀၀/– ) (ကျပ်သုံးသောင်း)တိတိ ချီးမြှင့်မည်ဖြစ်ပြီး သင်တန်းကာလအတွင်း ပျက်ကွက်လျှင် ဖြစ်စေ၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သူနာပြု–သားဖွားဒီပလိုမာ(၃)နှစ်သင်တန်း အတွက် ကျပ် (၈၀၀၀၀၀/–) ( ကျပ်ရှစ်သိန်းတိတိ )၊ ဘက်စုံသားဖွား ဒီပလိုမာ ( ၂ )နှစ် သင်တန်းအတွက် ကျပ်(၃၀၀၀၀၀/–)(ကျပ် သုံးသိန်းတိတိ)ပေးလျော်နိုင်သူ ဖြစ်ရမည်။

(ည) သင်တန်းအောင်မြင်ပြီး(အမှတ်ဖြင့်/အထူးကိစ္စရပ်ဖြင့်ရွေးချယ်)သူ များကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို/ လိုအပ်ချက်ရှိသော တိုင်းဒေသကြီး/ပြည်နယ်တွင် အနည်းဆုံး(၃) နှစ် **မပျက်မကွက်** တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံကတိ ရေးထိုးရမည် ဖြစ်သည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) လျှောက်လွှာကို **(ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့၏ အင်တာနက်စာမျက်နှာတွင်)** ရယူပြီး ပြည့်စုံ၊ တိကျ၊ ပီသစွာ ဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများ နှင့်အတူ ပူးတွဲပြီး **တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် စာစစ်ဌာန တည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန** သို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် (၈–၃–၂၀၂၃) ရက်နေ့ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။ **(နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက် လျှောက်ထားခြင်း မပြုရ)**

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲ ပေးပို့ရမည်–

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် **(မိတ္တူ) ( ၁ )စောင်။**

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့်တက္ကသိုလ်ဝင်တန်း အောင်ရမှတ်စာရင်း **(မူရင်း) ( ၁ ) စောင်။**

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား **( မိတ္တူ ) ( ၁ )စောင်။**

၄။ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း ထောက်ခံစာ**(မူရင်း)(၁)စောင်။**

၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်(သို့) ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူး ရုံး(အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ထောက်ခံစာ **(မူရင်း) (၁)စောင်။**

၆။ ကျန်းမာရေးကောင်းမွန်သူဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန/ ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံ စာ**( မူရင်း ) (၁)စောင်။**

၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင်( သင်တန်းတက်ခွင့် ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာ အကြီးအကဲ၏ ထောက်ခံစာ**(မူရင်း) ( ၁ )စောင်။**

၈။ လျှောက်လွှာပုံစံနှင့် ကတ်ပြားတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံစီ ကပ်ပြီးအပို(၁)ပုံတွဲ၍ ပေးပို့ရမည်။ (၆–လ အတွင်းရိုက်ကူး ထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံဖြစ်ရ မည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ်၊ မိဘ အမည်၊ နေရပ်များ ရေးရမည်။)
**(မှတ်ချက်။ ။ထောက်ခံစာများအားလုံးတွင်ထောက်ခံပေး သူ၏အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံး တံဆိပ်ဝိုင်း ပါရှိရမည်။)**

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူ ဖြစ်လျှင် သင်တန်း ကာလအတွင်း(တက္ကသိုလ်/ကောလိပ်/အဝေးသင်)ပညာသင် ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်/အကြီးအကဲ၏**ထောက်ခံစာ မူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။ (သင်တန်း တက်စဉ်ကာလအတွင်း အခြားမည်သည့်လက်မှတ်ရသင်တန်းမဆို လုံးဝတက်ခွင့် မပြုပါ)။**

၅။ အောက်ပါအချက်များနှင့် ငြိစွန်းသည့်လျှောက်လွှာကို ရွေးချယ်ရေး လုပ်ငန်းစဉ်တွင်လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ–

(က) ရှင်းလင်းပီသစွာနှင့်ပြည့်စုံစွာ ဖြည့်စွက်ထားခြင်း မရှိသည့် လျှောက်လွှာ များ။

(ခ) သတ်မှတ်ချက် စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများ။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနသို့ လိပ်မူ၍ လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများ၊ (လျှောက်လွှာစိစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်၍)

(ဃ) လျှောက်လွှာ ပိတ်ရက်ထက် နောက်ကျ ပေးပို့သည့် လျှောက်လွှာများ။

၆။ **သင်တန်းတက်ခွင့်ရအမည်စာရင်းများကြေညာခြင်း။**

၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း အောက်ပါဌာနများ၌ ကြေညာထားပါမည်–

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာန။

(ဂ) တက်ခွင့်ရသည့်သက်ဆိုင်ရာ သင်တန်းကျောင်းများ။
**(မှတ်ချက်။ သင်တန်းစတင်ဖွင့်လှစ်ပြီး (၂)ပတ်အတွင်း သတင်းပို့ တက်ရောက်ခြင်းမရှိက သင်တန်းတက်ခွင့် စာရင်းမှ ပယ်ဖျက်မည် ဖြစ်သည်။)**

၇။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့် သင်တန်းကျောင်းသို့ရောက်လျှင် **သင်တန်းကျောင်း၏ ကျန်းမာရေးစစ်ဆေးရေးကော်မတီမှ ထပ်မံကျန်းမာရေး စစ်ဆေးမည်ဖြစ်ပြီး ဆေးစစ်ချက်အောင်မြင်မှသာ သင်တန်းတက်ခွင့် အတည်ပြု မည်ဖြစ်သည်။**

၈။ အသေးစိတ်သိလိုပါကအောက်ပါဌာနများတွင် ရုံးချိန်အတွင်းဆက်သွယ် မေးမြန်းနိုင်ပါသည်–

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာန။

(ခ) နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။ (သူနာပြုဌာန)(ဖုန်း– ၀၆၇–၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ–၈၀၈၊ ၈၃၀)။

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

---

## ရွေးချယ်တင်မြှောက်ပွဲနှင့် စပ်လျဉ်းသည့်ကြေညာချက်

မြန်မာဂေါက်သီးရိုက်အသင်း(ဇ)မိုင်၊ ပြည်လမ်းတွင် ၂၀၂၃/၂၀၂၅ခုနှစ်အတွက် ရွေးချယ်ခံမည့် အလုပ်အမှုဆောင် ကိုယ်စားလှယ်လောင်းများ၏ အဆိုပြုလွှာများအား **၁၂–၂–၂၀၂၃ရက်(တနင်္ဂနွေနေ့)**ညနေ၃ နာရီတွင်နောက်ဆုံးထား၍ လျှောက်ထားရန် ကြေညာထားသော်လည်း **၂၈–၂–၂၀၂၃ ရက် (အင်္ဂါနေ့)**အထိ ရက်ထပ်မံတိုးမြှင့်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွေးချယ်တင်မြှောက်ရေးကော်မရှင်**

---

## အမည်ပြောင်း

ဦးသန့်ဇင်ဦး၏ သား နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ မောင်ကောင်းစည်သူအား မောင်လင်းဘုန်းနေသာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းဘုန်းနေသာ**

---

## အမည်မှန်ခေါ်ပါရန်

အဖ ဦးကျိန်ဇင်ဝေ၏သား ဦးလှမောင် [၁၃/သပန(နိုင်)၀၂၁၅၆၇]ကိုင်ဆောင်သူ၏ အမည်မှန်မှာ ဦးကျိန်ဖဂျူး (ခ) ဦးကျိန်ဖကြည်(ခ) ဦးလှမောင် အမည်(၃)မျိုးမှာ တစ်ဦးတည်းဖြစ်ပြီး အမည်မှန်အနေဖြင့် ဦးကျိန်ဖဂျူး(ခ) ဦးကျိန်ဖကြည်(ခ) ဦးလှမောင်ဟု ခေါ်ဆိုကြပါရန်။

---

## “ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၂၂၄)၊ (၃လွှာ–ဘီ)၊ ဒုတိယထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၅ပေ x ၅၀ပေ)ရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိထားပိုင်ဆိုင်ပါကြောင်း အမှုအခင်းအရှုပ်အရှင်းကင်းရှင်းလျက် အလွတ်လက်ရောက်လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဥမ္မာရှိန်[၁၂/ဥကမ(နိုင်)၁၄၂၅၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မျိုး(LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၆၉)**
**အမှတ်–၃၃/၄၉၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၁၇၃၃၅၄၊ ၀၉– ၇၉၇၈၀၀၆၇၇**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ မြေကွက်အမှတ်(၁၅၇၁/ခ)၊ လှော်ကားလမ်းဟုခေါ်တွင်သော အကျယ်အဝန်း(ပေ ၂၀x ၆၀ ပေ)ရှိ ဦးမြင့်အောင်(HGU–၁၁၈၁၉၉)အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက် ဦးမြင့်အောင်ထံမှ လက်ဆင့်ကမ်းအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုသူ ရောင်းချသူဦးစိန်ရွှေ[၁၂/ဒဂတ(နိုင်)၀၄၁၈၄၅]ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဇင်အေး (LL.B, D.B.L, D.I.L, D.I.R)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃–ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း–၀၉–၄၅၁၃၇၈၀၀၇**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၃၀၆/A)၊ မင်းဘူးလမ်း ဟုခေါ်တွင်သော အကျယ်အဝန်း(ပေ ၃၅x ပေ ၆၀) ၊ ဧရိယာ(၀.၀၄၈)ဧက၊ (၂၁၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိအမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်းကြောင်း ကတိပြုသူ ရောင်းချသူ ဒေါ်လွင်လွင်ကြည် [၁၂/အစန(နိုင်) ၁၃၉၁၇၇]ကိုင်ဆောင်သူထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဇင်အေး (LL.B,D.B.L,D.I.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃–ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း–၀၉ ၄၅၁၃၇၈၀၀၇**

---

## “အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၆/၄၊ လူနေရပ်ကွက်အမှတ်- (၁၆/၄) ရပ်ကွက်၊ သီတာရေစင်လမ်း၊ မြေကွက်အမှတ်- ၆၁၃ ဟုခေါ်တွင်သောမြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ၊ (၆ ထပ်)၊ တိုက်ခန်း (၁၂) ခန်းပါအဆောက်အဦရှိ ဒုတိယထပ် (၃ လွှာ) [ခေါင်းရင်းခန်း]၊ အကျယ်အဝန်း- ၁၉ ပေ × ၅၄ ပေ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်စိုးသန္တာလှိုင် [၁၂/ဗတထ (နိုင်) ၀၂၆၈၈၀] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေများက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးစိုးမင်းထိုက် (စဉ်- ၄၀၃၂၇)**
**အထက်တန်းရှေ့နေ**
Ph: 09-420177685

**ဦးကျော်ဇေယျ (စဉ်- ၃၁၂၁)**
**တရားလွှတ်တော်ရှေ့နေ**
Ph:09-5007849

---

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ်(၄၄)နေ ဒေါ်စန္ဒာစွမ်[၁၂/လမန(နိုင်) ၁၂၁၃၆၄](ဘ–ဦးဟုတ်စွမ်)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာစွမ်[၁၂/လမန(နိုင်)၁၂၁၃၆၄]နှင့် ခင်ပွန်း ဦးသန်းထွဋ်[၁၂/လမန(နိုင်) ၁၂၆၉၂၃]တို့သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ကျွန်ုပ်၏ရှေ့မှောက်၌ အကြင်လင်မယား အဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဦးကျော်မောင်မောင်မင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၇၂၁)**
**အမှတ်(၃၄)၊ မြေညီထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၄၆၉၁၅**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(D–B)ဟုခေါ်တွင်သော (၂)ခန်းတွဲ(၄)ထပ်အဆောက်အဦ၏ အခန်းအမှတ်(၀၀၂)၊ အခန်းအကျယ် ဧရိယာ(၁၃၉၀)စတုရန်းပေရှိ (မြေညီထပ်)တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် တရားဝင် အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးဌေးလင်း[၁၂/ရကန(နိုင်)၀၅၅၉၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာအုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်–၂၀၉၅၁)**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၅၀)၊ မြေကွက်တည်နေရာအမှတ်(၅၀)၊ ဝေဇယန္တာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ညွှက်[၁၂/ဥကတ(နိုင်)၀၁၀၂၃၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ညွှက်(အပျိုကြီး)ဘဝဖြင့် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းယု [၁၂/အလန(နိုင်)၀၁၃၉၅၆]မှ ကိတ္တိမမွေးစားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ (၇၄၃/၁၄–၂–၂၀၂၂) ကိတ္တိမသမီးအဖြစ် မွေးစားစာချုပ်အမှတ် (၈၇၁၈/၁၃–၁၁–၂၀၀၉)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉/B၊ မြေကွက်အမှတ်–(၁၄၁)မြေကွက်တည်နေရာ အမှတ်(၁၄၁)၊ ဖိုးဝဇီရာလမ်း၊ (၃၉/ဘီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဝင်းမော် [၁၂/စခန(နိုင်) ၀၂၃၁၀၅]၊ (CA–၀၅၀၈၃၇) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် ဦးဝင်းမော်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီး ဒေါ်နန်းကြည်ကြည်သိန်း[၁၃/သနန(နိုင်)၀၁၄၀၇၈]မှ မိမိသည်သာ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော ဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိသည်သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း)ဦးဝင်းမော်၏သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ဒေါ်နန်းကြည်ကြည်သိန်းထံမှ GP.NO(၂၁၅၄၄/၂၀၂၂)(၁၈–၁၁–၂၀၂၂)ဖြင့် ရရှိသူ ဒေါ်စန်းစန်းနိုင်(ခ) ဟွီးရှုန္ထတ်[၁၂/လမတ(ဧည့်) ၀၀၀၀၅၄]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်း နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင် သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံတွင် ဆန်ကိုသာ အဓိကစားသုံးကြခြင်းဖြစ်သဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံးကောက်ပဲသီးနှံတစ်ခုလည်းဖြစ်...

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိ...

❖ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ရေ၊ မြေ ရာသီဥတုနှင့် ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့် ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်း ရလဒ်ကောင်းများ ရစေနိုင်သည့် (Quick Win)အစီအစဉ်တစ်ခုလည်းဖြစ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

### ယနေ့ ဖတ်စရာ

**တူကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့၌ မြေငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူပေါင်း သုံးသောင်းကျော်ရှိလာ**

စာမျက်နှာ » ၁၃

**ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အသက်တစ်နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသမီး နှစ်ဦးနှင့် ကလေးငယ်ငါးဦး သေဆုံး**

စာမျက်နှာ » ၁၅


## အဆင့်မြင့်မင်္ဂလာဈေးသစ် ၆၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ လူစည်ကားရာနေရာ၌ တည်ဆောက်နေသည့် အဆင့်မြင့်လက်ကားဈေးကြီးဖြစ်သော မင်္ဂလာဈေးသစ်(NEW MINGALA MARKET) တည်ဆောက်ရေးလုပ်ငန်းအား ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဈေးသစ်တည်ဆောက်မှု ၆၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆင့်မြင့်မင်္ဂလာဈေးသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

အဆင့်မြင့်မင်္ဂလာဈေးသစ်ကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဗညားဒလလမ်းနှင့် စက်ရုံလမ်းထောင့်၌ တည်ဆောက်နေခြင်းဖြစ်ပြီး ဈေးသစ်တည်ဆောက်သည့် စီမံကိန်းဧရိယာအတွင်း Basement (မြေအောက်ထပ်) နှစ်ထပ်အပါအဝင် အထပ်အမြင့် ၁၅ ထပ်ရှိသည့် ဈေးသစ်

စာမျက်နှာ ၂၂ ကော်လံ ၃ သို့ ❖




## ဗီလာရီးယဲလ်ကို အနိုင်ရပြီး လာလီဂါအမှတ်ပေးဇယားကို ၁၁ မှတ်ဖြတ်ကာ ဘာစီလိုနာအသင်း ဦးဆောင်နိုင်



ဗီလာရီးယဲလ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ ဖေဖော်ဝါရီ ၁၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်(၂၁)မှာ ဘာစီလိုနာအသင်းက ဗီလာရီးယဲလ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် လာလီဂါအမှတ်ပေးဇယားကို ၁၁ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းက ပထမပိုင်းပွဲကစားချိန် ၁၈ မိနစ်မှာ တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ ဖန်တီးပေးမှုကို ပက်ဒရီက သွင်းယူပေးနိုင်ခဲ့လို့ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ပက်ဒရီဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဘာစီလိုနာအသင်းနဲ့အတူ

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍

## အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ